## ပထမအကြိမ်ပြည်သူ့လွှတ်တော်
## ဒုတိယပုံမှန်အစည်းအဝေး
## ၃၉ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
## (၂၁-၁၀-၂၀၁၁)

**အချိန် ၊၁၀း ၀၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၉ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၁၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက်ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာကျော်မြင့်(ချမ်းအေးသာစံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းမေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူ မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်းသည် အရေးကြီးသောကိုယ်ရေးကိုယ်တာကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့ အောက်တိုဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဒေါက်တာချမ်းငြိမ်းကိုယ်စား မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံ မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာကျော်မြင့်မှ လေးစားစွာဖြင့်ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း သည် အရေးပေါ်ကိစ္စဖြင့် ခရီးထွက်ရန်ရှိပါသဖြင့် အောက်တိုဘာလ ၂၁ ရက်နေ့ (သောကြာနေ့)တွင် လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် ဦးအောင်သောင်း၏ကိုယ်စား မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမြင့်မှ ရိုသေလေးစားစွာခွင့်ပန် ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်သည် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်းကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးအောင်ဇော်ဝင်းဟာ မိမိကိုယ်တိုင် လုပ်ဆောင်ရမည့်ကိစ္စရှိပါ၍ ပြည်သူ့လွှတ်တော်အစည်းအဝေး ယနေ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးအောင်ဇော်ဝင်းကိုယ်စား ရိုသေလေးစားစွာခွင့်ပန် ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးဂျီဖုန်ဆားရ်(နောင်မွန်းမဲဆန္ဒနယ်)**။ ။လေးစားပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇောင်းခေါင်သည် အစာ အိမ်နာသဖြင့် ဆေးကုအနားယူနေရပါသဖြင့် ယနေ့ ၂၁-၁၀-၂၀၁၁ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ မတက်ရောက်နိုင်ပါ။ သို့ကြောင့် ခွင့်ပြုပေးနိုင်ပါရန် ဦးဇောင်းခေါင်ကိုယ်စား ကချင်ပြည်နယ်၊ နောင်မွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဂျီဖုန်ဆားရ်မှ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်သည် ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေဖြစ်ပါ တယ်။ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုသည် အရေးကြီးကိုယ်ရေးကိုယ်တာကိစ္စရပ်များ ဆောင်ရွက်ရန်ရှိနေပါသဖြင့်ယနေ့ ၂၁-၁၀-၂၀၁၁ ရက်နေ့

ကိုခွင့်ရက်အဖြစ် ခွင့်ပြုပေးပါရန် ဦးဝင်းကို၏ကိုယ်စား လေးစားစွာဖြင့် တင်ပြတောင်းခံအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လသာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဟာ နေပြည်တော်၊ ခုတင်- ၁၀၀၀ ဆေးရုံကြီးမှာ ဆေးစစ်ခံဖို့ရှိသဖြင့် ခွင့်တစ်ရက်ပေးပါရန် ဦးကြည်မြင့်ကိုယ်စား သယ်န်းကျွန်းမဲဆန္ဒနယ်၊ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းညွန့်မှ လေးစားစွာတင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုနီဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်။ ဝမ်းတွင်းမဲဆန္ဒနယ် မှ ဦးသန်းမြင့်ဟာ ရုံးကိစ္စကိုယ်တိုင်ဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့ ၂၁-၁၀-၂၀၁၁ ရက်နေ့ ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ရှိသေလေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ ဟာယနေ့ နေမကောင်းဖြစ်နေပါသဖြင့် လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်ပါသောကြောင့် ခွင့်တစ်ရက် အဖြစ်ပေးပါရန် တမူးမဲဆန္ဒနယ်မှ ကျွန်တော် ဦးခင်မောင်ရွှေက ဦးအုန်းငွေ ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးစိုးနိုင်(မင်းတုန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်သည် ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့နှင့် မကွေးတိုင်းဒေသကြီး၊ မန္တလေး

တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်စက်မှုလုပ်ငန်းရှင်များနှင့် မကွေးမြို့ ကုန်စည်ဒိုင်တွင် မနက်ဖြန် ၂၂-၁၀-၂၀၁၁ ရက်နေ့၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးရန်ရှိသည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် သွားရောက်ရပါသဖြင့် ယနေ့ ၂၁-၁၀-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ဦးအေးနိုင်ကိုယ်စား ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးအား မေးမြန်းဖို့ဖိတ်ခေါ် ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သာစည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံ အတွင်း ဓာတ်ဆီဖြန့်ဖြူးရောင်းချရာတွင် ပုံသေဈေးနှုန်းတစ်ခုတည်းဖြင့် ရောင်းချနေခြင်းကြောင့် ဖြစ်ပေါ်နေသော အကျိုးအပြစ်များကို ပြန်လည်သုံးသပ်၍ လိုအပ်သောအစီအမံများ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိကို မေးမြန်းလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံး မည်ဖြစ်သည့်အတွက် နိုင်ငံပိုင်လုပ်ငန်းအချို့အား ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့ရာတွင်

နိုင်ငံတစ်ဝန်းရှိ နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များအား ပုဂ္ဂလိကသို့ အပြီးလွှဲပြောင်းရောင်းချခဲ့ပြီး ၁၀-၆-၂၀၁၀ နေ့တွင် အဆိုပါပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကို စတင်ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သည်ကိုသိရှိရပါတယ်။ အဆိုပါ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များ စတင်ဖွင့်လှစ်ရောင်းချချိန်မှစ၍ ယနေ့အထိ ဒီဇယ်ကိုဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ကမ္ဘာ့စက်သုံးဆီ ပေါက်ဈေးနှုန်း အတက်အကျပေါ်မူတည်၍ Floating Price ဖြင့်လွတ်လပ်စွာ လိုသလောက် ရောင်းချပေးနေသည်ကိုတွေ့ရှိရပါတယ်။ ဒါပေမယ့် ပြည်တွင်းထုတ်တဲ့ဓာတ်ဆီကို တစ်ပြည်လုံးရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှာ တစ်ဂါလန်လျှင် ၂၅၀၀ ဈေးနှုန်းဖြင့် တောက်လျှောက် ရောင်းချလာသည်ကိုတွေ့ရှိရပြီး ၎င်းဈေးနှုန်းသည်လည်း ကမ္ဘာ့ဓာတ်ဆီပေါက်ဈေးနှုန်းထက် သက်သာနေသည်ကို သတိပြုမိပါတယ်။ နိုင်ငံတကာသုံးဖြစ်တဲ့ 92 obtain အမျိုးအစားဓာတ်ဆီကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား လွတ်လပ်စွာတင်သွင်းဖြန့်ဖြူး ရောင်းချခဲ့သည့်အတွက် ဒီဇယ်ကဲ့သို့ပင် ကမ္ဘာ့ဈေးနှုန်းအတက်အကျပေါ်မူတည်၍ Floating Price ဖြင့်လွတ်လပ်စွာ ဝယ်ယူနိုင်ကြသည်ကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းထုတ် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၃၅၀ နှုန်းဖြင့် နိုင်ငံတော်မှအရှုံးခံပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များကို ရောင်းချပေးသည့်အပြင် နိုင်ငံတော်မှပင် တစ်ပြည်လုံးသို့ တာဝန်ယူပို့ဆောင်၍ သိုလှောင်ဖြန့်ဖြူးရေးဌာနများမှထုတ်ပေးပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ ပြည်သူလူထုအား ပြည်တွင်းထုတ်ဓာတ်ဆီ တစ်ဂါလန်လျှင် ၂၅၀၀ ဈေးနှုန်းဖြင့် လွတ်လပ်စွာရောင်းချစေခဲ့သည်ကိုသိရှိရပါတယ်။ ပြည်တွင်းထုတ် ဓာတ်ဆီတစ်ဂါလန်လျှင် ပြည်တွင်းထုတ်ဓာတ်ဆီတစ်လလျှင် ဂါလန် ၁၀ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည်ကို သိရှိရပါသဖြင့် တစ်ဂါလန်လျှင် ကျပ် ၁၀၀ ရှုံးလျှင်ပင် တစ်လလျှင် စုစုပေါင်းကျပ်သန်း ၁၀၀၀ ခန့်ရှုံးမည်ဟု ခန့်မှန်းတွက်ချက်ရပါတယ်။ ပြည်တွင်းထုတ်ဓာတ်ဆီကို တစ်ဂါလန်လျှင် ၂၅၀၀ ဈေးနှုန်းနဲ့သတ်မှတ်ရောင်းချသဖြင့် ဈေးနှုန်းသက်သာသည့်အပြင် ဆီစားနှုန်းလည်းသက်သာသည့်အတွက် ပိုမိုဝယ်ယူသုံးစွဲကြသည်ကိုတွေ့ရှိရပြီး ပြင်ပပေါက်ဈေးနှုန်းဖြင့် တဖြည်းဖြည်းမြင့်တက် ကွာဟမှုပေါ်မူတည်၍ အမှန်သုံးစွဲရန်မဟုတ်တော့ဘဲ တစ်ဆင့်ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်ဖြင့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် ပြည်တွင်းထုတ်ဓာတ်ဆီ တန်းစီဝယ်ယူရခြင်းကို စီးပွားရေးလုပ်ငန်းတစ်ရပ်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ်။ ၂၀၁၀ ခုနှစ်၊ ဇွန်လပိုင်းကုန်တွင် ရန်ကုန်မြို့၌ ပြည်တွင်းထုတ်ဓာတ်ဆီတစ်ဂါလန်ပေါက်ဈေး ၃၀၀၀ ခန့်ရှိခဲ့ရာမှ ဇွန်လပိုင်းကုန်တွင် ၂၇၀၀ အထိကျဆင်းခဲ့ပြီး၊ အောက်တိုဘာလကုန်ထိ ၂၇၀၀ ခန့်ဈေးနှုန်းဖြင့် တည်ငြိမ်နေသည်ကို တွေ့ရှိရပါတယ်။ နိုဝင်ဘာလတွင် တစ်ဂါလန်လျှင် ၃၁၀၀ မှ ၃၅၀၀ အထိမြင့်တက်ခဲ့ရာမှ ၂၀၁၁ ခုနှစ်၊ ဧပြီလတွင် တစ်ဂါလန်လျှင် ၅၀၀၀ ကျော်အထိ ပြင်ပဈေးနှုန်းမြင့်တက်ခဲ့သည်ကို တွေ့ရှိခဲ့ပါတယ်။ ထိုသို့ စီးပွား

ဖြစ်တန်းစီ၍ ပြည်တွင်းထုတ် တန်းစီထုတ်ယူရောင်းစားမှုများ များပြားလာသည်နှင့်အမျှ ဆီကောက်ရောင်းသည့်လမ်းဘေးဈေးဆိုင်များမှာ ပိုမိုများပြားလာပြီး ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များတွင် တန်းစီဝယ်ယူရန် အချိန်မပေးနိုင်သည့် အမှန်သုံးစွဲမည့် ပြည်သူလူထုမှာ ပြည်တွင်းဓာတ်ဆီ လွယ်ကူစွာဝယ်ယူနိုင်သည့် လမ်းဘေးဆိုင်များမှသာ ပြင်ပပေါက်ဈေးနှုန်းဖြင့် အဆမတန် ဝယ်ယူသုံးစွဲနေရသည်ကိုတွေ့ရှိရပါတယ်။ ဝယ်လိုအားနှင့် ထုတ်လုပ်အားမမျှတော့သည့်အတွက် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ ပြည်တွင်းထုတ်ဓာတ်ဆီကို ဝယ်ယူခွင့်စာအုပ်များဖြင့်ပြုလုပ်၍ ဈေးကွက်စီးပွားရေးစနစ်နှင့် ဖီလာဆန့်ကျင်ပြီး ခွဲတမ်းစနစ်ဖြင့် ယခင်ကကဲ့သို့ပင် ပြန်လည်ရောင်းချသည်ကိုတွေ့ရှိရပါတယ်။ ဈေးနှုန်းကွာဟကျယ်ပြန့်များလာသည်နှင့်အမျှ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် ပြင်ပသို့ သတ်မှတ်ဈေးနှုန်းထက်ပို၍ ရောင်းချမှုများလည်းရှိသည်ကို သိရှိရပါတယ်။ နိုင်ငံတော်အစိုးမှ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များအားပြည်တွင်းထုတ်ဓာတ်ဆီတစ်ဂါလန်လျှင် ၂၅၀၀ ဈေးနှုန်းဖြင့်တစ်ပြေးညီ၊ တစ်ပြည်လုံးတွင် ပုံသေရောင်းချစေခြင်းသည် နိုင်ငံတော်အစိုးရမှ ကျပ်သန်းပေါင်းများစွာ အကုန်ကျခံ၍၊ အရှုံးခံ၍ ပြည်သူလူထုအပေါ် စေတနာဖြင့် စီစဥ်ဆောင်ရွက်ပေးခြင်းဖြစ်သော်လည်း ပြည်သူလူထုအနေဖြင့် အမှန်တကယ်အကျိုးမခံစားရသည်ကို တွေ့ရှိရပါတယ်။ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် အငြိမ်းစားလစာတိုးမြှင့်ပေးခြင်း၊ အခွန်အခများ လျှော့ပေါ့သတ်မှတ်ပေးခြင်း၊ ကင်းလွတ်ခွင့်ပြုသည်များကိုဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းအစီအစဥ်များအရ ဆောင်ရွက်လုပ်ကိုင်သွားရမည့်လုပ်ငန်းများအတွက် ဘဏ္ဍာငွေများစွာ လိုအပ်သည်ကို ဤလွှတ်တော်တွင် ဆောင်ရွက်နေသည့်အမေး၊ အဖြေမေးခွန်းများအရ ပေါ်လွင်ပါတယ်။ နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ဆောင်ရွက်ရေးသည် တစ်နိုင်ငံလုံး၏ တစ်မျိုးသားလုံးနှင့်သက်ဆိုင်ပါသဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်က ပြည်တွင်းထုတ်ဓာတ်ဆီအရှုံးခံ၍ရောင်းချနေခြင်းသည် အမှန်လိုအပ်၍ ဝယ်ယူသုံးစွဲရတဲ့ ပြည်သူလူထုအတွက် အကျိုးမပြုဘဲ လူတစ်စု၊ တစ်ဖွဲ့အတွက်သာ အကျိုးစီးပွားဖြစ်ထွန်းနေသည်အတွက်လည်းကောင်း၊ ပြည်သူလူထုတန်းစီဝယ်ယူနေခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ မကြာခဏ လူစုလူဝေးဖြစ်ပေါ်ပြီး မလိုလားအပ်သောပြဿနာများပေါ်ပေါက်နိုင်ခြင်း၊ တန်းစီပြီး မဝယ်ယူနိုင်သည့်အခါ အပြင်တွင် အရောအနှောရောင်းချနေသော ဓာတ်ဆီများကို ဝယ်ယူသုံးစွဲရခြင်း စသည့်အခြေအနေများကို သုံးသပ်ပြီး ဓာတ်ဆီကိုကမ္ဘာ့ပေါက်ဈေး၊ မြန်မာ့ဈေးကွက်အတိုင်း လွတ်လပ်စွာရောင်းချနိုင်ခြင်း၊ ဓာတ်ဆီတင်သွင်းခွင့်ပြုခြင်း အခြေအနေများကိုသုံးသပ်၍ လိုအပ်သည့်အစီအမံများ ဆောင်ရွက်ရန်ရှိ၊ မရှိကို သိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးသန်းဋ္ဌေး(ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ သာစည်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားပါမယ်။ မဖြေကြားမီမှာ အခုမေးမြန်းသွားတဲ့မေးခွန်းကို စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးအနေနဲ့ ကြိုဆိုပါကြောင်း နောက်တစ်ခါ ဦးသန်းစိုးအနေနဲ့လည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးပီသစွာ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် ပြုပြင်ဆောင်ရွက်သင့်တဲ့ကိစ္စရပ်တစ်ခုကို ဝေဖန်သုံးသပ်ပြီးမှ ဒီမေးခွန်းကိုမေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ မေးခွန်းမှာ ဖော်ပြထားတဲ့အတိုင်းပဲ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စက်သုံးဆီ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ၂၀၁၀ ခုနှစ်၊ ဇွန်လကစပြီးတော့ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ လုပ်ငန်းရှင်တွေက ပြည်ပက တင်သွင်းလာတဲ့ စက်သုံးဆီတွေအပေါ်မှာ တရားဝင်ကျသင့်တဲ့ အခွန်အခပေးဆောင်စေပြီးမှ ထိုက်သင့်တဲ့ အမြတ်အစွန်းရယူပြီး ဈေးနှုန်းရှင်နှင့်လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့ပါတယ်။

စက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့မလွှဲမီ နိုင်ငံတော်ကပဲ စက်သုံးဆီအားလုံးကို တာဝန်ယူပြီးတော့ ဖြန့်ဖြူးစဉ်ကာလတုန်းက အဲဒီတုန်းက ဖြန့်ဖြူးမှုနှင့် ပြည်ပတင်သွင်းမှုကိန်းဂဏန်းတွေကို ပြန်လည်စိစစ်တဲ့အခါမှာ ဒီဇယ်ဆီကို ပျမ်းမျှတစ်နှစ်ကိုဂါလန် သန်း ၁၂၀ ခန့် တင်သွင်းဖြန့်ဖြူးခဲ့ရပါတယ်။ ဓာတ်ဆီမှာကျတော့ ပြည်တွင်းထုတ်ဓာတ်ဆီနဲ့ အဲဒီအချိန်က ခွဲတမ်းစနစ်နဲ့ အဆင်ပြေစွာဖြန့်ဖြူးနိုင်ခဲ့ကြောင်းစိစစ်တွေ့ရှိရပါတယ်။ အဆင့်မြင့်ဓာတ်ဆီဖြစ်တဲ့ Ron နံပါတ် 92၊ 92 Ron ဓာတ်ဆီကိုတော့ ပျမ်းမျှတစ်နှစ်ကို ဂါလန်တစ်သန်းခွဲလောက် တင်သွင်းပြီးတော့ ဖြန့်ဖြူးခဲ့ရပါတယ်။ အဲဒါကြောင့် ယခင်တုန်းက ပြည်တွင်းထုတ်ဓာတ်ဆီကို အဆင်ပြေပြေဖြန့်ဖြူးရောင်းချနိုင်ခဲ့တဲ့အတွက် ပုဂ္ဂလိကစက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခွင့်ပြုတဲ့အချိန်မှာ အဲဒီဓာတ်ဆီကို ပြည်တွင်းကပဲ ထုတ်လုပ်နိုင်ခြင်း၊ ပုဂ္ဂလိကအနေနဲ့လည်း ဒီဓာတ်ဆီကို ဒီဇယ်လို လွယ်လွယ်ကူကူသယ်ယူပို့ဆောင် သိုလှောင်ဖြန့်ဖြူးနိုင်မှုမရှိသေးခြင်း၊ နောက်တစ်ခါ ပြည်သူ့လူထုအနေနဲ့လည်းပဲ ယခင်တုန်းကဝယ်ယူရရှိတဲ့ တစ်ဂါလန် ၂၅၀၀ ဆိုတဲ့ သက်သာတဲ့ဈေးနှုန်းနဲ့ ဆက်လက်ဝယ်ယူသုံးစွဲစေလိုခြင်းစတဲ့ စေတနာတွေကြောင့် လုပ်ငန်းရှင်တွေကို တစ်ဂါလန်ကို ၂၃၅၀ ဈေးနှုန်းနဲ့ စွမ်းအင်ဝန်ကြီးဌာနက ရောင်းချပေးပါတယ်။ တစ်နိုင်ငံလုံးအနှံ့ ၂၃၅၀ ဈေးနဲ့ပဲအရောက်ပို့ပြီးတော့ ဖြန့်ဖြူးရောင်းချစေခဲ့ပါတယ်။ လုပ်ငန်းရှင်များကတော့ သူတို့

လက်လီဖြန့်ရောင်းတဲ့အခါမှာ တစ်ဂါလန်ကို ၂၅၀၀ ဈေးနှုန်းနဲ့ တစ်နိုင်ငံလုံးတစ်ပြေးညီ ပြည်သူလူထုကိုလွတ်လွတ်လပ်လပ် ဖြန့်ဖြူးရောင်းချစေခဲ့ပါတယ်။ အဲဒီလို ပြည်တွင်းထုတ်ဓာတ်ဆီကို တစ်ဂါလန် ၂၅၀၀ ဈေးနဲ့လွတ်လွတ်လပ်လပ် ဖြန့်ဖြူးရောင်းချပေးခဲ့တဲ့အတွက် ပြင်ပပေါက်ဈေးနှုန်း တဖြည်းဖြည်းမြင့်တက်ကွာဟလာမှု အပေါ်မှာမူတည်ပြီးတော့ အမှန်သုံးစွဲဖို့မဟုတ်တော့ဘဲ တစ်ဆင့်ပြန်လည်ရောင်းချဖို့ရည်ရွယ်ချက်နဲ့ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်တွေမှာ ပြည်တွင်းထုတ် ဓာတ်ဆီတန်းစီဝယ်ယူကြခြင်းဆိုတဲ့ လုပ်ငန်းကို စီးပွားရေးလုပ်ငန်းတစ်ရပ်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်လာကြတာတွေ့ပါတယ်။ အဲဒီလိုဆိုင်တွေမှာ တန်းစီစောင့်ဆိုင်း ဝယ်ယူဖို့အချိန်မပေးနိုင်ကြတဲ့အမှန်သုံးစွဲမယ့်ဝန်ထမ်းတွေ၊ ပြည်သူလူထုတွေဟာလည်းပဲ အချိန်မပေးနိုင်တော့တဲ့အတွက် အပြင်မှာပဲ လွယ်လွယ်ကူကူရတဲ့ လမ်းဘေးဆိုင်တွေမှာ မတန်တစ်ဆပြင်ပပေါက်ဈေးနဲ့ အဆမတန်ဝယ်ယူသုံးစွဲရခြင်းလည်းပဲအမှန်ပဲရှိခဲ့ပါတယ်။ နောက်လွတ်လွတ်လပ်လပ် ရောင်းချပေးတဲ့အတွက် ဝယ်လိုအားနဲ့ရောင်းလိုအားမမျှတော့တဲ့အခါမှာ ယခင်တုန်းကအတိုင်းပဲ ခွဲတမ်းစနစ်ကိုပြန်ပြီးတော့ စာအုပ်နဲ့လုပ်ရတဲ့မကောင်းတဲ့လုပ်ဆောင်ချက်တွေလည်းပဲ ပြန်ပြီးတော့ လုပ်ဆောင်လာရတာတွေ့ပါတယ်။ နောက်စက်သုံးဆီပြတ်လပ်မှုမဖြစ်အောင် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဒီပုဂ္ဂလိက စက်သုံးဆီဆိုင်တွေကိုသူတို့ရဲ့ဖြန့်ဖြူးရောင်းချတဲ့ ရောင်းချမှုတွေကို မိမိဝန်ထမ်းတွေထားပြီးတော့ စောင့်ကြည့်နေတဲ့ကြားကပဲစက်သုံးဆီဈေးနှုန်း ကွာဟချက်များလာတာနဲ့အမျှ ပုဂ္ဂလိကအရောင်းဆိုင်တွေကနေ ပြည်သူလူထုဆီကို အပြည့်အဝဖြန့်ဖြူးရောင်းချခြင်းမပြုတော့ဘဲနဲ့ ပြင်ပကို သတ်မှတ်ဈေးနှုန်းထက်မတန် တစ်ဆပိုပြီးတော့ ရောင်းချနေမှုများရှိကြောင်း မကြာခဏတိုင်ကြားမှုတွေလည်း ကျွန်တော်တို့ဆီကို အမှန်ပဲရောက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းရှင်မေးမြန်းထားသလိုပဲ နိုင်ငံတော်အစိုးရအနေနဲ့ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တွေက ပြည်တွင်းထုတ်ဓာတ်ဆီကို တစ်ဂါလန် ၂၅၀၀ ဈေးနှုန်း တစ်ပြေးညီနဲ့သတ်မှတ်ရောင်းချတဲ့အတွက် ပုဂ္ဂလိကစက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့တဲ့ ၂၀၁၀ ခုနှစ်ကဇွန်လကနေပြီးတော့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လအထိ နိုင်ငံတော်အနေနဲ့ သယ်ယူပို့ဆောင်ခနှင့် ဝန်ဆောင်စရိတ်တွေအပါအဝင် စုစုပေါင်းကုန်ကျစရိတ် ၂၆.၆၄ ဘီလီယံကျော် အကုန်အကျခံအရှုံးခံပြီးတော့ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုလို နိုင်ငံတော်က အကုန်အကျခံအရှုံးခံပြီး ပြည်သူလူထုအပေါ်စေတနာနဲ့ စီစဥ်ဆောင်ရွက်ပေးခြင်းဖြစ်ပေမယ့် ပြည်သူလူထုဟာ အမှန်တကယ်အကျိုးမခံစားရဘူးဆိုတာ စောစောက တင်ပြချက်တွေအရ သိသာပါတယ်။ လူတစ်စုတစ်ဖွဲ့သာ အကျိုးစီးပွားဖြစ်ထွန်းနေတယ်ဆိုတာလည်း အမှန်ပဲဖြစ်ပါတယ်။ ပြည်သူလူထုဟာ တန်းစီဝယ်ယူနေရတယ်။ အကျင့်စာရိတ္တပျက်ပြားမှုတွေရှိတယ်။ မကြာခဏ လူစုလူဝေးတွေဖြစ်ပေါ်စေတယ်။ မလိုလားအပ်တဲ့ပြဿနာတွေ

ပေါ်ပေါက်လာနိုင်တယ်။ တန်းစီမဝယ်နိုင်တဲ့အခါမှာ ပြင်ပကအရည်အသွေးမစစ်မှန်တဲ့ ဓာတ်ဆီကို အဆမတန်ဈေးနဲ့ ဝယ်ယူသုံးစွဲရတယ်ဆိုတဲ့ ဖြစ်စဥ်တွေပေါ်ပေါက်လာပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့အကျိုးစီးပွားအတွက် အစိုးရကအကောင်အထည်ဖော်ဆောင်ရွက်နေရတဲ့များပြားလှစွာသော လုပ်ငန်းများမှာ နိုင်ငံ့ဘဏ္ဍာငွေတွေကို အကျိုးရှိရှိသုံးစွဲနိုင်ဖို့အတွက် ပြည်တွင်းထုတ်ဓာတ်ဆီကို အရှုံးခံပြီးမရောင်းသင့်တော့ဘဲနဲ့ ဖြစ်သင့်တဲ့ဈေးနှုန်းနဲ့ ဈေးနှုန်းအရှင်ပြင်ဆင်သတ်မှတ်ရောင်းချသင့်သည်လို့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း ထင်မြင်ယူဆပါတယ်။ အဲဒါကြောင့် ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပြည်တွင်းထုတ်ဓာတ်ဆီတွေကို ဈေးကွက်ပေါက်ဈေးနဲ့ ပြင်ဆင်ရောင်းချရေးကိစ္စကို သင့်တော်တဲ့အချိန်မှာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနဲ့ အဲဒီလို ဈေးနှုန်းပြောင်းလဲမယ့်ကိစ္စကိုလည်းပဲ သုံးစွဲသူပြည်သူများသို့ ကြိုတင်အသိပေးကြေညာပေးမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(ခ)စိုင်းဟတ် ဖြစ်ပါတယ်။ ကနေ့ကျွန်တော်မေးမယ့်မေးခွန်းက ၂၄-၈-၂၀၁၁ ရက်နေ့မှာတင်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းနဲ့ဆက်စပ်ပြီး ပြည်နယ်အစိုးရက ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ဖွဲ့စည်းပြီး 'ဝ'အထူးဒေသ(၂)အဖွဲ့၊ မိုင်းလားအထူးဒေသ (၄)အဖွဲ့တို့နဲ့ ပဏာမငြိမ်းချမ်းရေးသဘော တူညီချက်များနှစ်ဖက်မှ လက်မှတ်ရေးထိုးခဲ့ကြသည်ကိုတွေ့ရ၍ နိုင်ငံသားတစ်ဦးဖြင့် အထူးပင်ဝမ်းမြောက်မိပါတယ်။ အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်းအဆိုကို ၁၂-၉-၂၀၁၁ ရက်နေ့မှာ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးက တင်သွင်းပြီး လွှတ်တော်မှ အတည်ပြုခဲ့ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ရှမ်းပြည်နယ်ဒေသအချို့နဲ့ အခြားနေရာတွေမှာ ကျန်ရှိနေသေးတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးရရှိဖို့ ဆက်လက်ဆောင်ရွက်ရန်များ ကျန်ရှိနေပြီး အမြန်ဆုံးပြေလည်အောင် ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်သူများက လိုလားလျက်ရှိကြပါတယ်။ မိမိဒေသကို ပြန်လည်ရောက်ရှိတဲ့အခါတိုင်းမှာလည်း ပြည်သူများကသိရှိလိုပြီး လာရောက်မေးကြတဲ့မေးခွန်းကတော့ လွှတ်တော်

တက်ပြီးဆွေးနွေးတဲ့နေရာမှာ ငြိမ်းချမ်းရေးရရှိဖို့အတွက် ဘာတွေဆောင်ရွက်နေပြီလဲဆိုတဲ့ မေးခွန်းတွေပဲဖြစ်ပါတယ်။ ငြိမ်းရေးရရှိဖို့လည်း အထူးလိုလားတောင့်တလျက်ရှိနေကြတာကို တွေ့ရှိရပါတယ်။ သို့ပါသောကြောင့် ကျွန်တော်ရဲ့မေးခွန်းကို ယခင်တင်ပြထားတဲ့အတိုင်း ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ် အစိုးရရဲ့အုပ်ချုပ်ရေးလုပ်ငန်းစဥ်များနဲ့ ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုလုပ်ငန်းစဥ်များပီပြင်ထင်သာသည့် ဆောင်ရွက်မှုများမတွေ့ရသေးခင် ပြည်သူများအားမလို အားမရဖြစ်နေကြပါတယ်။ ပြည်နယ်အရေးနဲ့ တိုက်ရိုက်ပတ်သက်နေသည်ဟုယူဆရတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့တပ်မတော်တို့ရဲ့ လက်နက်ကိုင်ပဋိပက္ခကိစ္စ ပြည်သူများအထူးစိတ်ဝင်စားလျက်ရှိပြီးအမြန်ဆုံး ပြေလည်မှုရရှိရန် လိုလားတောင့်တလျက်ရှိကြပါတယ်။ ပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်နေသည်ကို သိရှိလိုပါတယ်။ ပြည်နယ်လွှတ်တော်သည်လည်း အသက်မဝင်သေးဘဲ မည်သည့်အခက်အခဲများကြောင့် နှောင့်နှေးကြန့်ကြာနေသည်ကို သိရှိလိုပါကြောင်းပြည်သူများကိုယ်စားတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီးနိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရယ်မြို့နယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂)၊ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်မှ ဖြေကြားခွင့်ပြုပါ။ ပြည်နယ်အရေးနှင့် တိုက်ရိုက်ပတ်သက်နေတယ်လို့ယူဆရတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တပ်မတော်တို့ရဲ့ လက်နက်ကိုင်ပဋိပက္ခကိစ္စ အမြန်ဆုံးပြေလည်မှုရရှိရန် ပြည်နယ်အစိုးရများ အနေဖြင့် ၎င်းတို့ထံ လာရောက်ဆက်သွယ်ဆွေးနွေးပါက လက်ခံဆွေးနွေးခွင့်ရှိတဲ့အတိုင်း လက်ခံဆွေးနွေးခြင်း၊ ဖြေကြားခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များကို သက်ဝင်လှုပ်ရှားဆောင်ရွက်နိုင်ရန် ယခုကျင်းပဆဲ ပထမအကြိမ် ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများကို လေ့လာနိုင်ရန် တက်ရောက်စေခဲ့ပြီးဖြစ်ပါတယ်။ ယခုလွှတ်တော်များ ကျင်းပနေပုံကိုနည်းနာယူပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အလိုက် သက်ဝင်လှုပ်ရှားနိုင်အောင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးထွန်းမြင့်ဦး၊ မိုင်းပန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၉၆၂ ခုနှစ်မှစ၍ ၂၆ နှစ်တိုင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလတွင် နိုင်ငံတစ်ဝန်း အစိုးရရုံးဌာန အသီးသီးရှိ အစည်းအဝေးခန်းမများနှင့် အရာထမ်းတို့ရဲ့ အခန်းနံရံများတွင် မြန်မာ့လွတ်လပ်ရေး ဗိသုကာအာဇာနည်ခေါင်းဆောင်ကြီးတစ်ဦးရဲ့ ဓာတ်ပုံနှင့် ထိုခေတ်ကာလ နိုင်ငံတော်အစိုးရ ခေါင်းဆောင်ကြီးတစ်ဦးတို့ရဲ့ ဓာတ်ပုံတို့အား ဂုဏ်ယူလေးစားစွာ အတူချိတ်ဆွဲခဲ့ကြပါတယ်။ ၁၉၈၈ ခုနှစ်မှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းဖြိုးကော်စီအစိုးရ တာဝန်ယူနေသည့် ၁၉၉၆ ခုနှစ်ကာလအထိ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးဗိသုကာ အာဇာနည် ခေါင်းဆောင်ကြီး တစ်ဦးတည်း၏ဓာတ်ပုံအား ဆက်လက်ချိတ်ဆွဲထားရှိခဲ့ကြပါသော်လည်း ၁၉၉၇ ခုနှစ်ကာလ၌ ချိတ်ဆွဲထားရှိခြင်းမပြုကြရတော့ပါ။ ထိုသို့ ချိတ်ဆွဲခြင်းမပြုရတော့တဲ့ ၁၉၉၇ ခုနှစ်ကာလ၌ ကျွန်တော်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ အရာထမ်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သဖြင့် ကိုယ်တိုင်သိရှိကြုံတွေ့ခဲ့ရခြင်းလည်းဖြစ်ပါတယ်။ ယနေ့ခေတ် အချိန်ကာလသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ လက်ရှိ ပြည်ထောင်စုအစိုးရမှ ဦးဆောင်လျှောက်လှမ်းနေပြီး ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေး ဖော်ဆောင်နေတဲ့ကာလလည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူများ၏ကိုယ်စား မေးခွန်းနှစ်ခုအားမေးမြန်းအပ်ပါတယ်။ (၁) အစိုးရုံး၊ ဌာနနှင့် စာသင်ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၏ အစည်းအဝေးခန်းမများနှင့် အရာထမ်းများ၏ အခန်းနံရံများတွင် မြန်မာ့ လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်းဆောင်ကြီး၏ ဗိုလ်ချုပ်အောင်ဆန်း၏ဓာတ်ပုံအား ပြန်လည် ချိတ်ဆွဲခွင့်ရှိပါသလား။ (၂) ပြန်လည်ချိတ်ဆွဲခွင့်ပြုမည် သို့မဟုတ် ပြန်လည်ချိတ်ဆွဲသင့်သည်ဟုဆိုပါ ကတရားဝင်ညွှန်ကြားချက် ထုတ်ပြန်ပေးရန်ရှိ၊မရှိ သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ် ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မိုင်းပန်မဲ

ဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးရဲ့မေးခွန်းကို ကျွန်တော်မှဆက်လက် ဖြေကြားသွားပါမယ်။ အစိုးရုံးဌာနနှင့် စာသင်ကျောင်းများ၊ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၏ အစည်းအဝေးခန်းမများနှင့် အရာထမ်းများရဲ့ အခန်းနံရံများမှာ ခေါင်းဆောင်ကြီးတစ်ဦးရဲ့ ဓာတ်ပုံ ချိတ်ဆွဲမှုနဲ့ပတ်သက်လို့ လက်ရှိနိုင်ငံ့အကြီးအကဲခေါင်းဆောင်ရဲ့ ဓာတ်ပုံကိုသာချိတ်ဆွဲရန် သတ်မှတ် ထားပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများအား လေးစားစွာဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော် ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်မှ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရှိထားဝယ်ရေနက်စီမံကိန်းနဲ့ပတ်သက်လို့ အနည်းငယ်မေးမြန်းလိုပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းပထမမေးခွန်းကတော့ ထားဝယ်ရေနက်စီမံကိန်းနဲ့ပတ်သက်လို့ အကျဉ်းချုပ်လေး ရှင်းပြပေးပါခင်ဗျား။ ဒုတိယမေးခွန်းကတော့ ဒီစီမံကိန်းကြီးနဲ့အတူ ကျွန်တော်တို့ တိုင်းဒေသကြီး ဖွံ့ဖြိုးရေးစီမံကိန်းတွေအတွက် ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲသိလိုပါတယ်ခင်ဗျား။ တတိယ မေးခွန်းအနေနဲ့ကတော့ ဒီစီမံကိန်းကြီးတည်ဆောက်နေတဲ့ နဘူးလယ်ဒေသအတွင်းမှာ ရွှေ့ပြောင်း ရမယ့်ဒေသခံများ ရွာ ၁၉ ရွာ၊ လယ်ယာ၊ ဥယာဉ်ခြံမြေတွေ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ ထူထောင်နိုင် ရေးအတွက် မည်ကဲ့သို့အစီအစဉ်များရှိပါလဲဆိုတာ သိချင်ပါတယ်ခင်ဗျား။ နောက်ဆုံးမေးခွန်းအနေနဲ့ ကတော့ ကျေးရွာ ရှစ်ရွာ ဒီစီမံကိန်းအတွင်းကနေ အရင်ဆုံး ပြောင်းရွှေ့ရမယ်ဆိုတာသိတဲ့အတွက် ဒီပြောင်းရွှေ့ရမယ့်ကျေးရွာ ရှစ်ရွာအတွက် ဘယ်လိုများအစီအစဉ်များရှိပါသလဲဆိုတာကို သိချင်လို့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် အနည်းငယ်ရှင်းပြပါရစေ။ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းဟာ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်အတွင်းမှာရှိတဲ့ နဘူးလယ်ဒေသမှာ တည်ဆောက်နေတဲ့ စီမံကိန်းကြီး ဖြစ်ပါတယ်ခင်ဗျား။ ရေဖြူမြို့နယ်ဟာ ကျွန်တော်ရဲ့မဲဆန္ဒနယ်လည်းဖြစ်ပါတယ်ခင်ဗျား။ ဒီစီမံကိန်းကြီးနဲ့ပက်သက်လို့ ကျွန်တော်တို့ ဒေသခံ တွေနဲ့ပြည်သူတွေရဲ့ ခံစားချက်ကတော့ ဒီစီမံကိန်းကြီးအမြန်ဆုံး ပြီးမြောက်အောင်မြင်လာဖို့အတွက် ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ ဝမ်းမြောက်ဝမ်းသာနဲ့ကူညီကြမှာပဲဖြစ်ပါတယ်ခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ဒီစီမံကိန်းကြီးဟာ ကျွန်တော်တို့ ထိုင်းနိုင်ငံမှာရှိတဲ့ **မက်တာဘွက်** ရေနက်စီမံကိန်းထက်ပိုပြီး ကြီးမား တဲ့စီမံကိန်းဖြစ်တဲ့အပြင် အထူးစီးပွားရေးကုန်သွယ်ရေးဇုန်ဖြစ်လာမယ့် နေရာလည်းဖြစ်ပါတယ်။ အဲဒီအခါမှာ ဒေသခံတွေအနေနဲ့လည်း သူတို့တစ်သက်လုံးက နေလာခဲ့ကြတဲ့ နေရာကနေပြောင်းရွှေ့

ပေးရမှာဖြစ်သော်လည်းပဲ ဒေသအတွက် ဖွံ့ဖြိုးလာမယ့်နေရာအတွက် ကျွန်တော်တို့ ဒေသခံပြည်သူများအလုပ်အကိုင်များရရှိလာနိုင်မယ့် ကိစ္စတွေဖြစ်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြခြင်းဖြစ်ပါတယ်။ ထိုင်းနိုင်ငံအနေနဲ့လည်း ရေနက်ဆိပ်ကမ်းစီမံကိန်းကို လွန်ခဲ့သောနှစ် ၄၀ လောက်ကတည်းက ဖြစ်မြောက်တည်ဆောက်နိုင်အောင် ကြိုးပမ်းလာခဲ့တာဖြစ်ပေမယ့် အရင်တုန်းကတော့ တနင်္သာရီတိုင်းအတွင်းက အကျဉ်းဆုံးတစ်နေရာကို ရွေးပြီးတော့ **ခနာ** Canal လို့ခေါ်တဲ့တူးမြောင်းဖောက်ပြီးတော့သွားနိုင်ဖို့အတွက် သူတို့ကြိုးစားခဲ့ကြတာဖြစ်ပါတယ်။ ဒါကလည်း မအောင်မြင်ခဲ့ပါဘူး။ အကြောင်းကြောင်းကြောင့်။ အဲတော့ အခုလို ကုန်းတစ်ပိုင်းရေတစ်ပိုင်းနဲ့ ရေနက်ဆိပ်ကမ်းကြီးတည်ဆောက် ပြီးတဲ့အခါမှာတော့ ကျွန်တော်တို့ အာဆီယံအတွင်း ဒေသအတွင်းက နိုင်ငံများအနေနဲ့ အရှေ့အနောက် ပင်လယ်ကိုရက်ပိုင်းအတွင်း အချိန်တိုတိုအတွင်းနဲ့ ဖြတ်သန်းသွားလာနိုင်မှာဖြစ်တဲ့အတွက် ထိုင်းနိုင်ငံနဲ့ ကျွန်တော်တို့နိုင်ငံအတွက်တော့ အင်မတန်အကျိုးများတဲ့ စီမံကိန်းကြီးဖြစ်ပါတယ်။ အရင်တုန်းကဆိုရင်တော့ မလက်ကာရေလက်ကြားကနေဖြတ်ပြီးသွားရတဲ့အခါတုန်းက အချိန်ကုန်တာတွေ၊ ကုန်ကျစရိတ်တွေများလာတွေ ဖြတ်တောက်သွားနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီစီမံကိန်းကြီးအောင်မြင်ဖို့အတွက်လည်း ထိုင်းနိုင်ငံဘက်ကလည်း အထူးကြိုးစားနေတယ်လို့ ကျွန်တော်တို့သိရပါတယ်။ ဒါကြောင့်မို့လို့ ပထမမေးခွန်းလေးကို ကျွန်တော် မေးရခြင်းဖြစ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ စီမံကိန်းနဲ့အတူ ကျွန်တော်တို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုအစီအစဉ်များရှိပါသလဲဆိုတာမှာ ကျွန်တော်တို့ ရေဖြူမြို့နယ်ထဲမှာပဲ ကံပေါက်ဒေသမှာဆိုလို့ရှိရင် Total ဓာတ်ငွေ့ပိုက်လိုင်း ထိုင်းနိုင်ငံကိုသွယ်ထားတာရှိပါတယ်။ အနောက်ပိုင်းမှာ **ဘတ်ထိုနတ်စ်** ကနေ ဓာတ်ငွေ့ပိုက်လိုင်းသွယ်ထားတာရှိပါတယ်။ ယခုဆိုရင် ထိုင်းနိုင်ငံ PTT နဲ့ဇောတိကစီမံကိန်းဆိုပြီးတော့လည်း ဓာတ်ငွေပိုက်လိုင်း သွယ်တန်းရေးစီမံကိန်းတွေရှိနေပါတယ်။ အဲဒီနေရာတွေမှာ ကျွန်တော်တို့ဘာတွေ့ရလဲဆိုရင်တော့ ဒီစီမံကိန်းလုပ်တဲ့ကုမ္ပဏီတွေကနေပြီးတော့ ဒီဒေသအတွင်းမှာရှိတဲ့ ကျေးရွာလေးတွေကို ပညာရေးအပိုင်း၊ ကျန်းမာရေးအပိုင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်ရွာချင်းဆက်လမ်းတွေ၊ ရွာချင်းဆက်တံတားလေးတွေ အဆင်ပြေပြေကူးသန်းလာနိုင်အောင် စသဖြင့် စာသင်ကျောင်း၊ လူမှုရေး၊ သာသနာရေး တော်တော်များများမှာ ကူညီလုပ်ကိုင် တည်ထောင်ပေးထားတာတွေ ကျွန်တော်တို့တွေ့ရပါတယ်။ သို့သော်လည်း ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ပတ်သက်လို့တော့ အဲဒီအပိုင်းတွေ ကျွန်တော်တို့ မတွေ့ရသေးတဲ့အတွက် ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီစီမံကိန်းကြောင့် ကျွန်တော်တို့ ဒေသကြီးဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာကတော့ မလွဲဧကန်ပါပဲ။ အခုတောင်မှ ကျွန်တော်တို့ဒေသခံများ ဘာတွေအရင်အကျိုးကျေးဇူးခံစားရသလဲဆိုတော့ အရင်

တုန်းက နှစ်ပေါင်းများစွာငြိမ်သက်နေခဲ့တဲ့ ထားဝယ်မြို့လေး၊ ထားဝယ်ခရိုင်လေးဟာ ခုအချိန်မှာဆိုရင် လှုပ်လှုပ်ရှားရှားနဲ့ တိုင်းဒေသကြီးရဲ့ မြို့တော်လည်းဖြစ်လာသလို ရေနက်ဆိပ်ကမ်းစီမံကိန်းများကြောင့် မြေဈေးတွေ၊ အိမ်ရာဈေးတွေလည်း အဆမတန်ထိုးတက်ကုန်တဲ့အတွက် ဒေသခံများလည်းဒါဒီအပေါ်မှာကျေနပ်နေကြပါတယ်။ ဝမ်းသာနေကြပါတယ်။ သိပ်ပြီးတက်သွားတဲ့အခါကျတော့လည်းမကောင်းဘူးပေါ့ခင်ဗျား။ ကျွန်တော်တို့ ဒေသခံတွေ ပြန်မဝယ်နိုင်တော့ဘူးခင်ဗျား။ ဆိုတော့ ဒေသကြီးဖွံ့ဖြိုးတိုးတက်သလို တစ်ဖက်မှာလည်း တစ်သက်လုံးလုပ်ကိုင် နေထိုင်လာခဲ့တဲ့နေရာလေးတွေကတော့ ရွှေ့ပြောင်းပြီး အဆုံးခံရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီရသလို တစ်ဖက်မှာလည်း ဆုံးရှုံးမှုလေးတွေကတော့ အနည်းငယ်တော့ရှိနေတာတွေ့ရပါတယ်။ တတိယမေးခွန်းအနေနဲ့ ပြောရရင်တော့ နည်းနည်းအရေးကြီးပါတယ်ခင်ဗျား။ ဒါတွေဟာ ကျွန်တော်တို့ဒေသခံပြည်သူများ လက်တွေ့ခံစားနေရတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော် အသေးစိတ်ကလေးနည်းနည်းရှင်းပြပါရစေ။ ကျွန်တော်တို့ရွာပေါင်း ၁၉ ရွာလောက် ရွှေ့ပြောင်းရမယ်လို့ ကျွန်တော်တို့သိထားပါတယ်။ သို့သော်လည်း ဘယ်အချိန်၊ ဘယ်အခါမှာ ရွှေ့ပြောင်းရမယ်။ ဘယ်နှစ်နှစ်နေရင်ရွှေ့ပြောင်းရမယ်။ ရွှေ့ပြောင်းရမယ့်နေရာ အကြမ်းဖျဉ်းအားဖြင့်တော့ရင် ရငဲ၊ ဇကနီးပိုင်း၊ ဝါးစွမ်းတောပိုင်း ဒီဘက်ကဆိုလို့ရှိရင် ဘဝါ၊ ထွက်ဝါပိုင်း အဲဒီအပိုင်းတွေကို ပြောင်းရွှေ့ရမယ်လို့ အကြမ်းဖျဉ်းသိထားပါတယ်။ သို့သော်လည်း ယခုအချိန်ထိတော့ အဲဒီနေရာတွေကို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းမရှိသေးပါဘူး။ သူတို့ရွှေ့ပြောင်းရမယ့် ကျေးရွာနေရာတွေအတွက် ပြန်လည်တည်ဆောက်မှုတွေ၊ တည်ထောင်မှုတွေလုပ်နေတာ ကျွန်တော်တို့မတွေ့သေးပါဘူး။ သို့သော်လည်းပဲအောက်ပိုင်းမှာကတော့ ဟိုနေ့ရွှေ့ရမလို၊ ဒီနေ့ရွှေ့ရမလိုဖြစ်နေတဲ့အတွက်ကြောင့် ဒေသခံပြည်သူများစိုးရိမ်ပူပန်နေတဲ့အတွက် ကျွန်တော်တို့မေးရခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ သူတို့တစ်သက်လုံးတည်ထောင်လာခဲ့တဲ့ သီဟိုဠ်ခြံ၊ ရာဘာခြံ၊ ကွမ်းခြံ၊ အုန်းခြံ စသဖြင့် ခြံကြီးများ၊ လယ်ယာ၊ ဥယျာဉ်မြေများကတော့ ဒါတွေလည်း စီမံကိန်းမှာပါသွားမှာပါပဲ။ အသိမ်းခံရမှာပါပဲ။ ဒီအပိုင်းတွေနဲ့ ပတ်သက်လို့ကတော့သက်ဆိုင်ရာလျော်ကြေး စီစဉ်ပေးမယ်လို့သိရပါတယ်။ ဥယျာဉ်ခြံမြေနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ ပြောင်းရွှေ့သွားပြီးလို့ရှိရင်လည်း နှစ်ရှည်စီမံကိန်းနဲ့ ပြန်လည်တည်ထောင်ရမှာဖြစ်ပါတယ်။ အဓိကပြောချင်တာကတော့ လယ်ယာမြေကိစ္စပါပဲ။ အဲဒီဒေသ ၁၉ ရွာအတွင်းမှာရှိတဲ့ လယ်ယာမြေများ၊ လူဦးရေ သုံးသောင်းကျော်ရှိတဲ့ လယ်ယာမြေများ သူတို့စပါးစိုက်ပျိုးပြီးတော့ သူတို့ဒေသထွက်တဲ့ဆန်ကိုပဲ သူတို့ပြန်ပြီးတော့စားသုံးနေပါတယ်။ ဒါပေမယ့် သူတို့အဲဒီဒေသကမြေဆီဩဇာမကောင်းဘဲနဲ့ သဲဆန်တဲ့မြေမျိုးဖြစ်တဲ့အတွက်ကြောင့် လယ်တွေဟာဆိုလို့ရှိရင် တစ်ဧက

မှာတင်း ၂၀၊ ၂၅ ထွက်နိုင်ဖို့ အတော်ကြိုးစားပြီးလုပ်ယူရပါတယ်။ သူတို့ဆီက ထွက်တဲ့ဆန်ကလည်း သိပ်မကောင်းပါဘူးခင်ဗျား။ အမျိုးအစားလည်းညံ့ပါတယ်။ ဒါလည်း ကျွန်တော်သူတို့နဲ့အတူတူ စားသောက်ခဲ့လို့ သိရတာပါခင်ဗျား။ ဆိုတော့ သူတို့ဒေသအတွက်တောင်မှ သူတို့မလောက်ဘဲနဲ့ အမြဲတမ်းအပြင်ကနေပဲ ဆန်ကိုဝယ်စားနေရပါတယ်။ အခုလို လယ်ယာမြေတွေ ပြောင်းရွှေ့လိုက်တဲ့ အခါမှာ နောက်ပြောင်းရွှေ့ရမယ့်နေရာမှာ ပြန်လည်လုပ်ကိုင်စားသောက်နိုင်မယ့် လယ်ယာမြေနေရာ မရှိဘူးဆိုရင် သူတို့မှာတော့ လောလောဆယ်မှာ စားရေး၊ သောက်ရေး၊ ဆန်စပါးကိစ္စတော်တော် အခက်အခဲတွေ့နိုင်ပါတယ်။ အဲဒီတော့ အပြင်ကနေ ဝယ်စားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒေသ အတွင်းမှာ ဆန်တွေကို ထိန်းချုပ်ထားတဲ့အတွက်လည်း ဈေးကြီးပေးစားရမယ့် ဒုက္ခမျိုးနဲ့တွေ့ကြုံနိုင် ပါတယ်။ အဲဒီတော့ လယ်ယာမြေတွေ ပြန်လည်ထုတ်ဖော်ပေးနိုင်ဖို့ မြေလွတ်၊ မြေရိုင်းများရှိရင်ဖြင့် သူတို့ကို လယ်မြေပြန်လည်ဖော်ထုတ်ခွင့်ပေးပါ။ ဒါမှသာ သူတို့စိုက်ပျိုးစားသောက်နိုင်ပါလိမ့်မယ်။ လယ်ယာမြေပြန်လည်ဖော်ထုတ်ခွင့်ပေးရင်လည်း အနည်းဆုံးတစ်နှစ်၊ နှစ်နှစ်လောက် မြေရိုင်းကို ပြုပြင်ပြီးမှသာ စိုက်ပျိုးနိုင်မှာဖြစ်တဲ့အတွက် ဒါလေးကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု ဌာနများကူညီပေးပါလို့ ကျွန်တော်တို့ပြောလိုပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီဒေသမှာ ဒီစီမံကိန်း ကြောင့်မြေဈေးတွေ အရမ်းတက်လာတဲ့အခါကျတော့ ရှိရှိသမျှပတ်လည်ကနယ်တွေ ချောင်ချို ချောင်ကြားမကျန်ရှာတွေ့မှာပါလိုက်ပြီး မြေတွေဝယ်ကြတယ်ခင်ဗျား။ အဲဒီ မြေဝယ်ကြတဲ့သူတွေဟာ များသောအားဖြင့် ရန်ကုန်၊ မန္တလေးနဲ့ တခြားတိုင်းတွေကဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသခံများ ကတော့ရောင်းလို့ရတဲ့ ပိုက်ဆံတွေဘာလုပ်ရမှန်းမသိဘဲနဲ့ ဟိုပြေးဒီပြေးနဲ့ နောက်ဆိုရင်မြေပိုင်တောင် ရှိတော့မှာမဟုတ်ပါဘူး။ ကျွန်တော်စိတ်ပူတာကတော့ ဒီလိုမြေတွေအားလုံးကို ဝယ်ထားလိုက်တဲ့ အခါကျတော့ ဒီပြောင်းရွှေ့ရမယ့်ရွာတွေအတွက် စိုက်ပျိုးရမယ့်မြေတွေ မရှိတော့ဘူးထင်တယ်။ ဒါဆိုရင် ကျွန်တော်တို့ ဒီပြောင်းရွှေ့သွားရတဲ့ ကျေးရွာကသူတွေ ဘာနဲ့ပြန်လည်လုပ်ကိုင် စားသောက် ကြမလဲ။ သူတို့ဟာ မိရိုးဖလာတစ်သက်လုံးက စိုက်ပျိုးလုပ်ကိုင်စားသောက်လာခဲ့ကြတယ်။ တချို့က ရေလုပ်ငန်းလေးလုပ်ကြတာရှိပါတယ်။ အဲဒီတော့ သူတို့မှာနေစရာအိမ်လေးတော့ နေရာလေးတော့ရ ပါရဲ့ ပြန်လည်လုပ်ကိုင်စားသောက်ဖို့အတွက် မရှိဘူးဆိုရင် ဒီရတဲ့လျော်ကြေးတွေကိုလည်း ဘယ်လို ပြန်ပြီးတော့အသုံးချပြီး ဘယ်လိုလုပ်ကိုင်စားသောက်ရမှန်း မသိဘူးဆိုရင် တခြားမလိုလားအပ်တဲ့ ကိစ္စတွေဖြစ်ပေါ်လာနိုင်တဲ့ အတွက်စိတ်ပူလို့မေးရခြင်းဖြစ်ပါတယ်။ တစ်ခါ ဒီကျေးရွာတွေမှာ ပြောင်းရမယ့်ကျေးရွာတွေမှာ လျော်ကြေးကိစ္စတွေနဲ့ပတ်သက်လို့ ပြည်ထောင်စုဒုတိယဝန်ကြီး သူရဦးသောင်းလွင် ဦးဆောင်တဲ့အဖွဲ့တွေကလာပြီး ရှင်းလင်းပြတဲ့အခါမှာ အင်မတန်ကောင်းပါတယ်။

လူကြီးတွေရဲ့ စီမံပေးမှုနိုင်ငံတော်ရဲ့ စေတနာ၊ အင်မတန်ကောင်းပါတယ်။ ကျွန်တော်တို့ ဒေသခံပြည်သူများကလည်း အရမ်းကိုဝမ်းသာကြပါတယ်။ အဲဒီလိုသာဆိုရင်ဖြင့် အားလုံးအမြန်ဆုံးပြီးမြောက်အောင်မြင်အောင် ဝိုင်းကူညီကြမယ်လို့ လည်းကတိပြုခဲ့ကြပါတယ်။ သို့သော် အုပ်ချုပ်ရေးအပိုင်း၊ အောက်ခြေပိုင်းက ကျွန်တော်တို့ကျေးရွာ တွေမှာလုပ်နေတဲ့အခါကျတော့ တစ်မျိုးဖြစ်သွားပြန်ရော။ ဥပမာပြောရရင် ဒါဒီဒေသမှာနေကြတဲ့သူတွေဟာ တစ်သက်လုံးနေလာကြတဲ့ အခါကျတော့ တချို့ခြံကြီး၊ ဝင်းကြီးတွေကလည်း တစ်ဧကလောက်ကျယ်ပါတယ်။ စပါးကျီကြီးတွေနဲ့ နွားတင်းကုပ်တွေနဲ့၊ ကွမ်းခြံတွေနဲ့၊ ကွမ်းပင်တွေနဲ့ ရာသီသီးနှံပင်တွေနဲ့ စိုက်ပျိုးထားတာတွေလည်း ရှိပါတယ်။ တချို့လည်း အနည်းငယ် ဆင်းရဲတဲ့အတွက်ကြောင့် ခြံသေးသေးတွေနဲ့နေကြတာဖြစ်ပါတယ်။ အဲဒီအခါမှာ သက်ဆိုင်ရာလျော်ကြေးပေးဖို့တွေအတွက် စာရင်းတွေလိုက်ကောက်တဲ့အခါကျတော့ သူတို့နဲ့အဆင်ပြေတဲ့လူဆိုရင် ခြံသေးသော်လည်းပဲ ခြံကြီးတွေလို့သတ်မှတ်ပေးပါတယ်။ သူတို့နဲ့ အဆင်မပြေဘူးတဲ့သူဆိုရင် ခြံကြီးသော်လည်းပဲ ခြံသေးလို့ပဲ သတ်မှတ်ပေးပါတယ်။ ကွမ်းပင်တွေ ၂၀၀ လောက်ရှိပါတယ်ဆိုရင် သူနဲ့အဆင်ပြေတဲ့သူဆို ၄၀၀ သတ်မှတ်ပေးပါတယ်။ ကွမ်းပင်တွေ ၆၀၀ လောက် ရှိသော်လည်းပဲ သူတို့နဲ့အဆင်မပြေတဲ့သူဆို ၂၀၀ ပဲသတ်မှတ်ပေးပါတယ်။ ဒီလိုမတရားမှုတွေဖြစ်လာတဲ့အခါကျတော့ သက်ဆိုင်ရာကျေးရွာများက တိုင်ကြားထားတာတွေရှိလာပါတယ်။ သူတို့တိုင်ကြားတဲ့အခါမှာလည်း ကျွန်တော်တို့လို ကိုယ်စားလှယ် တွေအားကိုးပြီးတော့ တိုင်ကြားလာတာဖြစ်ပါတယ်။ သူတို့တိုင်ကြားလာတဲ့ကိစ္စတွေကို ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်တို့ကို တင်ပြခဲ့ပါတယ်။ သိသာရန်နှင့် ကူညီပေးပါရန် ဆိုပြီးတင်ပြခဲ့ပါတယ်။ သို့သော်ကူညီမှုတော့မရခဲ့ပါဘူး။ ကျွန်တော်တို့ကိုတော့ အုပ်ချုပ်ရေးပိုင်းမှာ ဝင်မပါပါနဲ့လို့တော့ ဆူပူကြိမ်းမောင်းခံရပါတယ်။ ဆိုတော့ ကျွန်တော်တို့မှာ ဒီအပိုင်းတွေမှာ ကျွန်တော်တို့ ပြည်သူများ၊ ကျွန်တော်တို့ရဲ့ မဲဆန္ဒရှင်များကို ကူညီပေးနိုင်ခြင်းမရှိဘဲနဲ့ ဒီအတိုင်းပဲ ငုတ်တုတ်ထိုင်ကြည့်ရတဲ့ဘဝ ရောက်သွားပါတယ်။ အဲဒီလိုသာ ကျွန်တော်တို့ရဲ့ ဒေသအတွင်းမှာ တရားမျှတမှုမရှိဘဲ အာဏာရှင်စနစ်ကြီးစိုးလာမယ်ဆိုရင် ကျွန်တော်တို့လည်း ဘာမှမတတ်နိုင်ဘဲနဲ့ ကျွန်တော်တို့ရဲ့ မဲဆန္ဒရှင်တွေအတွက် စိတ်မကောင်းစွာနဲ့ဘဲ ဒီအတိုင်းပဲကြည့်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကို ကူနိုင်ကယ်နိုင်မယ့်လူများရှိရင် ကူကြပါဦးလို့ ကျွန်တော် ဒီနေရာကနေပြီးတော့ တောင်းပန်ချင်ပါတယ်။ ကျွန်တော့်ရဲ့ နောက်ဆုံးမေးခွန်းဖြစ်တဲ့ ကျေးရွာရှစ်ရွာ အရင်ပြောင်းလဲရမယ်။ ပြောင်းရမယ်။ သူတို့အတွက် ဘယ်လိုအစီအစဉ်တွေ ဘယ်လိုရှိပါသလဲလို့ တင်ပြတဲ့နေရာမှာ ကျွန်တော်တို့ သတင်းတွေအရ ပထမကျေးရွာ ရှစ်ရွာပြောင်းရမယ်။ နောက်မဟုတ်သေးဘူး။ ငါးရွာပြောင်းရမယ်။ မဟုတ်သေးဘူး။ ဒီစီမံကိန်းကြီးက ရပ်ဆိုင်းနေတယ်။

ဒါမလုပ်သေးဘူးစသဖြင့် အမျိုးမျိုးကြားနေရတဲ့အတွက်ကြောင့် ကျွန်တော်တို့နဲ့အတူ ဒေသခံပြည်သူများစိုးရိမ်နေရတဲ့အပိုင်းမှာ သေသေချာချာ ရှင်းရှင်းလင်းလင်း လေးသိလိုတဲ့အတွက် ကျွန်တော်မေးမြန်းရခြင်းဖြစ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကံဇော်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦးမှ ရေဖြူမြို့နယ်တွင် တည်ဆောက်နေသော ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်သည့် စီမံကိန်းနှင့် ပတ်သက်သည့် အခြေအနေအကျဉ်းချုပ်ကို စတင်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်တည်ဆောက်ရေး စီမံကိန်းအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Italian-Thai Development Public Co. Ltd(ITD)တို့ဟာ ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် နားလည်မှုစာချွန်လွှာ Memorandum of Understanding လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် မူဘောင်သဘောတူစာချုပ် Framework Agreement လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံတော်က ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေကိုပြဌာန်းခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၁)ဖြင့် နိုင်ငံတော်သမ္မတမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အဖွဲ့ဝင် ၂၆ ဦးပါဝင်သော မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ကိုလည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အဖွဲ့ဝင် ၁၉ဦး ပါဝင်သော မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ကိုလည်းကောင်း ဖွဲ့စည်းကာ ထားဝယ်အထူးစီးပွားရေးဇုန် တည်ထောင်ရေးစီမံကိန်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေအရ ထားဝယ်အထူးစီးပွားရေးဇုန်တွင် အဆင့်မြင့်နည်းပညာ စက်မှုဇုန်များ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဇုန်များ၊ ပို့ကုန်ပစ္စည်း

ထုတ်လုပ်မှုဇုန်များ၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဇုန်များ၊ သိပ္ပံနှင့်နည်းပညာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဇုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းဇုန်များ၊ တစ်ဆင့်ခံကုန်သွယ်မှုဇုန်များနှင့် အစိုးရက အခါအားလျော်စွာ သတ်မှတ်သည့်ဇုန်များပါဝင်မှာ ဖြစ်ပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ဆိပ်ကမ်းလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ၊ ပြည်တွင်းပြည်ပသို့ ရေနံနှင့်သဘာဝဓာတ်ငွေ့တင်ပို့ခြင်းနှင့် တင်ပို့သည့်ပိုက်လိုင်း တည်ဆောက်ခြင်း လုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးနှင့်ရေလုပ်ငန်း၊ သတ္တုပစ္စည်းလုပ်ငန်းနှင့် သစ်တောထွက် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများစသည့် ထုတ်လုပ်မှုကို အခြေခံသောလုပ်ငန်းများ၊ ကုန်သွယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ကုန်သိုလှောင်ရေး၊ ဟိုတယ်ခရီးသွားလာရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ လူနေရပ်ကွက်များ၊ အခြေခံအဆောက်အအုံ ဖြည့်ဆည်းထောက်ပံ့ရေးဌာန များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်သည့် စိမ်းလန်းမြေများ၊ အနားယူအပန်းဖြေ စခန်းများစသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လမ်း၊ တံတား၊ လေဆိပ်၊ ဘူတာရုံ၊ ဆိပ်ကမ်း၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ရေရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းရေးစသည့် အခြေခံအဆောက်အအုံလုပ်ငန်းများ၊ ဗဟိုအစိုးရအဖွဲ့က သဘောတူညီချက်ဖြင့် သတ်မှတ်သည့် အခြားလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမှာဖြစ်ပါတယ်။

ဦးစားပေးလုပ်ကိုင်ကြစေရန် အားပေးမည့်လုပ်ငန်းများမှာ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖြစ်ထွန်းစေမည့်လုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုပိုမိုတိုးမြှင့်စေမည့်လုပ်ငန်းများ၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုး တိုးတက်စေမည့် လုပ်ငန်းများ၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက် ဖြစ်ထွန်းလာစေမည့် လုပ်ငန်းများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံ မှုပါဝင်သည့်လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဖြစ်ပါတယ်။ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်း အခြေအနေများနှင့် ပတ်သက်၍ တင်ပြရလျှင် အထူးစီးပွားရေးဇုန်နယ်နိမိတ်ဧရိယာ ၂၀၄.၅၀၈ စတုရန်းကီလိုမီတာကို တိုင်းတာထား ပြီးဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိပါတယ်။ စီမံကိန်းတစ်ခုလုံး၏ ရင်းနှီးတည်ဆောက်သူ Developer ဖြစ်သည့် Italian-Thai Development Public Co.,Ltd(ITD) အနေဖြင့် ရေနက်ဆိပ်ကမ်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ စက်မှုနယ်မြေများ

အပါအဝင် အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ၊ ထိုင်းနိုင်ငံနှင့် ဆက်သွယ်မည့် မော်တော်ကားလမ်း၊ ရထားလမ်းစသည်တို့အတွက် အမေရိကန်ဒေါ်လာသန်း ၈၆၀၀ ခန့်ရင်းနှီး မြှုပ်နှံကာ စီမံကိန်းအား ၁၀ နှစ်အတွင်းအပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ စီမံကိန်းနှင့်အတူ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ အတွက် မည်သို့အစီအစဉ်ရှိပါသလဲဆိုသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ထားဝယ်အထူး စီးပွားရေးဇုန်အတွင်းတွင် တနင်္သာရီတိုင်းဒေသကြီး နယ်မြေအတွင်းထွက်ရှိသည့် ရာဘာ၊ ဆီအုန်း၊ ရေထွက်ပစ္စည်း စသည့်ကုန်ကြမ်းများကိုအခြေခံကာ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မည့် စက်မှုလုပ်ငန်းများ ထည့်သွင်းနိုင်ရေးအတွက် Italian-Thai Development Public Co.Ltd(ITD)နှင့် ညှိနှိုင်းထားပြီး ဖြစ်၍ ဒေသတွင်းထုတ်ကုန်များအတွက် ဈေးကွက်အခွင့်အလမ်း ပွင့်လန်းစေမှာဖြစ်ပါတယ်။ ထားဝယ် အထူးစီးပွားရေးဇုန်မှ ထိုင်းနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်ဖောက်လုပ်မည့်ကားလမ်း၊ ရထားလမ်းများ ပေါ်ပေါက်လာမည်ဖြစ်၍ ဒေသတွင်းထွက်ကုန်များ နယ်စပ်ဖြတ်ကျော် တင်ပို့ခြင်း၊ ဒေသတွင်း လိုအပ်သည့်ကုန်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်တင်သွင်းခြင်းတို့ ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ထို့အပြင် အထူးစီးပွားရေးဇုန်၏ဖွံ့ဖြိုး တိုးတက်မှုနှင့်အတူ မြန်မာနိုင်ငံအတွင်း အခြားဒေသများနှင့် ဆက်စပ်ဖောက်လုပ်ထားရှိသည့် ကားလမ်း၊ ရထားလမ်းများလည်း အဆင့်မြှင့်တင်လာနိုင်မည်ဖြစ်၍ ဒေသတွင်းလမ်းပန်း ဆက်သွယ် ရေးများစွာဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်။ အထူးစီးပွားရေးဇုန်အတွင်းရှိ ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ များပြားစွာပေါ်ပေါက်လာမည်ဖြစ် ၍ ဒေသခံလူထုအတွက်သာမက မြန်မာနိုင်ငံအတွင်း အခြားဒေသများရှိ လူထုအတွက်ပါ အလုပ် အကိုင်အခွင့်အလမ်းများ ရရှိလာမှာဖြစ်ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ ၅၀(က)၊ (ခ)နှင့်(ဂ)တို့အရ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများတွင် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ကိုလုပ်ငန်းစတင်သည့်နှစ်မှ ပထမငါးနှစ် ကုန်ဆုံးချိန်တွင် အနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယ ငါးနှစ် ကုန်ဆုံးချိန်တွင် အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယငါးနှစ် ကုန်ဆုံးချိန်တွင် အနည်းဆုံး ၇၅ ရာခိုင်နှုန်း အသီးသီးခန့်ထားရမည်ဟုလည်းကောင်း၊ နိုင်ငံသားကျွမ်းကျင်သူအလုပ်သမားများ ခန့်ထားနိုင်ရန် နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်ဟုလည်းကောင်း၊ ကျွမ်းကျင်မှုမလိုသော လုပ်ငန်း များတွင် နိုင်ငံသားများကို ခန့်ထားရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ သို့ပါ၍ ဒေသတွင်း

ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံသား ကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်ကာ ၎င်းတို့၏ ကျွမ်းကျင်မှုအဆင့်အတန်းများလည်း မြင့်တက်လာကြမှာဖြစ်ပါတယ်။ ဆက်လက်ပြီး တတိယမေးခွန်းဖြစ်သည့် ဒေသခံပြည်သူများအတွက် နေရာပြောင်းရွှေ့ခြင်း၊ လယ်ယာ၊ ဥယျာဉ်ခြံမြေ များပြန်လည်စိုက်ပျိုးလုပ်ကိုင်ရေး မည်ကဲ့သို့စီစဉ်ထားပါသလဲဟူသည့် မေးခွန်းနှင့် စတုတ္ထမေးခွန်း ဖြစ်သည့် ကျေးရွာရှစ်ရွာ အရင်ပြောင်းမည်ဟုကြားရ၍ ၎င်းရွာများအတွက် မည်ကဲသို့စီစဉ်ထားပါ သလဲဟူသည့်မေးခွန်းများနှင့် ဆက်စပ်နေသည့်အတွက် တစ်ပေါင်းတည်း ဖြေကြားအပ်ပါတယ်။

ထားဝယ်စက်မှုဇုန်နယ်နိမိတ်အတွင်း လောင်းလုံမြို့နယ်မှ ညောင်ပင်ဆိပ်ကျေးရွာ၊ ရေဖြူ မြို့နယ်မှ ထိန်ကြီး၊ ပရဒတ်၊ လဲရှောင်၊ မယင်းကြီး၊ မူဒူးရွာနှင့် ကလုတ်ထာကျေးရွာတို့ပါဝင်ပြီး ရွှေ့ပြောင်းရမည့် ကျေးရွာစုစုပေါင်းခုနှစ်ရွာရှိပါတယ်။ ထိန်ကြီး၊ ပရဒတ်၊ လဲရှောင်၊ မယင်းကြီးနဲ့ မူဒူးရွာတို့ကို ဘဝါရွာတွင်လည်းကောင်း၊ ညောင်ပင်ဆိပ်ကို ပန်းသေအင်းရွာတွင်လည်းကောင်း၊ ကလုတ်တာကျေးရွာကို ကလုတ်ကျေးရွာအနီးပတ်ဝန်းကျင်တွင် ပြန်လည်နေရာချထားရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြောင်းရွှေ့နေရာချထားရာမှာ သက်ဆိုင်ရာကျေးရွာလူထု ဆုံးရှုံး သွားသည့်နှစ်တို၊ နှစ်ရှည်သီးနှံစိုက်ခင်းများနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်ကျေနပ်သည့် ဒေသန္တရ ပေါက်ဈေးအတိုင်းပေးလျော်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ၊ ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့ယာယီနှင့် Italian-Thai Development Public Co.,ltd. (ITD) တို့ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာများကိုပြောင်းရွှေ့ရာမှာ မူလနေရာမှ နေရာသစ်သို့ ပြောင်းရွှေ့ရမည့်လူထုအတွက် နေထိုင်မှု၊ စိုက်ပျိုးလုပ်ကိုင်မှုအတွက် မြေအကျယ်အဝန်းအလုံ အလောက်ရရှိရန်၊ နေထိုင်မှုသက်သက်သာမက လုပ်ကိုင်စားသောက်နိုင်ရန်၊ လယ်မြေ၊ နှစ်တို၊ နှစ်ရှည်သီးနှံစိုက်ပျိုးနိုင်မည့် မြေများဖော်ထုတ်ပေးရန်၊ နေရာဟောင်းမှ နေရာသစ်သို့ပြောင်းရွှေ့ ရာတွင် လယ်ယာလုပ်ငန်းနှင့်နှစ်တို နှစ်ရှည်သီးနှံစိုက်ပျိုးမှုတို့မှဝင်ငွေမရသေးမီ မိသားစုရပ်တည်ရေး အတွက် လစဉ်၊ နှစ်စဉ်ထောက်ပံ့ငွေများပေးအပ်ရန်၊ အကယ်၍ မရွှေ့ပြောင်းမီမူလနေရာတွင် လယ်ယာစိုက်ပျိုးရေး ဆက်လက်လုပ်ကိုင်ခွင့်ပြုထားပြီးနှစ်ရှည်၊ နှစ်တိုသီးနှံစိုက်ပျိုးမှုကို နေရာသစ် တွင်စတင်ဆောင်ရွက်ထားပြီးမှ အဆင့်ဆင့်ပြောင်းရွှေ့ပေးရန် လယ်ယာစိုက်ပျိုးရေးဖြင့်ရပ်တည်သော မိသားစုဖြစ်ပါက လယ်ယာစိုက်ပျိုးရန်ပြင်ဆင်ချိန်ရှိပါက စိုက်ပျိုးနိုင်အောင်စီစဉ်ပေး၍ မူလမြေ အတိုင်းစိုက်ပျိုးကာဝင်ငွေရရှိစေရန်၊ လယ်ယာစိုက်ပျိုးချိန်ကြားကာလတွင် ပြောင်းရွှေ့ရပါက ထိုလယ်ယာစိုက်ပျိုးချိန်ကာလအတွက် ၎င်းတို့ဝင်ငွေဆုံးရှုံးပြီး၊ ရေရှည်ရပ်တည်ရန် အခက်အခဲ

ရှိသဖြင့် နောင်တစ်ချိန် သီးနှံပေါ်သည်အထိ လစဉ်ထောက်ပံ့ကြေးပေးရန်၊ နှစ်ရှည်သီးနှံအပေါ်တွင် သာဝင်ငွေမှီခိုရပ်တည်နေရသောမိသားစုဖြစ်ပါက ၎င်းနှစ်ရှည်သီးနှံအတိုင်း နေရာသစ်တွင်စိုက်ပျိုးစေပြီး ဝင်ငွေရရှိချိန်မှသာ ထိုဝင်ငွေဖြင့် ဆက်လက်ရပ်တည်နိုင်ရေးပြောင်းရွှေ့ပေးရန်၊ အချိန်စော၍ ပြောင်းရွှေ့ပေးစေလိုပါက ထိုနှစ်ရှည်ဝင်ငွေဖြင့် မိသားစုရပ်တည်နိုင်သည့် အခြေအနေအတိုင်း လစဉ်၊ နှစ်စဉ်ထောက်ပံ့ကြေးပေး၍ အာမခံချက်ပေးထားရန်စသည်တို့ကို Italian-Thai Development Public Co.ltd. သို့ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ကျေးရွာများပြောင်းရွှေ့မှုတွင် တစ်ပါတည်းပါရှိရမည့်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း၊ ဈေး၊ သာသနိကအဆောက်အအုံများ စသည်တို့ကို ကျေးရွာပြောင်းရွှေ့ချိန်တွင် အဆင်သင့်ဖြစ်စေရန် ဆောင်ရွက်ပေးရန်ကိုလည်း ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ပြောင်းရွှေ့သည့်ကျေးရွာများမှ မိသားစုများအတွက် သွပ်မိုးနှစ်ထပ်တိုက်ခံအိမ်အမျိုးအစားဆောက်လုပ်ပေးသွားမှာဖြစ်ပါတယ်။ အငယ်စား Small Size အိမ်ပုံစံသည် ဧရိယာအကျယ်အဝန်း ၁၂၉.၅၀ စတုရန်းမီတာ၊ အလတ်စား Medium Size အိမ်ပုံစံသည် ဧရိယာ အကျယ်အဝန်း ၁၆၁.၅၀ စတုရန်းမီတာနှင့်အကြီးစား Large Size အိမ်ပုံစံသည်ဧရိယာအကျယ်အဝန်း ၁၉၇.၅၀ စတုရန်းမီတာရှိမှာဖြစ်ပါတယ်။ ပြောင်းရွှေ့ရမည့်ကျေးရွာများအတွက် လူမှုရေး၊ စီးပွားရေးအစစ အဆင်ပြေအောင်ထည့်သွင်းစီစဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အထူးစီးပွားရေးဇုန်တည်ဆောက်မှုနှင့်ပတ်သက်၍လည်းကောင်း၊ ထိုင်းနိုင်ငံနှင့်ဆက်သွယ်သည့်လမ်းကြောင်း ဖောက်လုပ်ခြင်းကြောင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လေ့လာဆန်းစစ်မှုများ Environmental Impact Assessment ၊ လူမှုဘဝထိခိုက်မှုကို လေ့လာဆန်းစစ်မှုများ Social Impact Assessment ကိုစနစ်တကျဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဤသို့လေ့လာဆန်းစစ်ရာမှာ ရေနက်ဆိပ်ကမ်းနှင့်စက်မှုနယ်မြေများအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုဘဝထိခိုက်မှု လေ့လာဆန်းစစ်ခြင်းကို တတိယအဖွဲ့အစည်း Third Party ဖြစ်သည့် TEAM Consulting Engineering and Management Co; Ltd.ကလည်းကောင်း၊ ထိုင်းနိုင်ငံနှင့် ဆက်သွယ်သည့်လမ်းကြောင်းနှင့်ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်းကို တတိယအဖွဲ့အစည်းဖြစ်သည့် Chulalongkorn University and Tesco Co; Ltd. တို့ကလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ လေ့လာဆန်းစစ်ပေးရန် ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ် မေးခွန်းလေးခု၊ ဒီအပေါ်သက်ဆိုင်ရာ ဝန်ကြီးဌာနက ဒုတိယဝန်ကြီးမေးတာကော၊ ဖြေတာကော တော်တော်လေးပြည့်စုံကောင်းမွန်ပါတယ်။ ဒါပေမယ့်

ဥက္ကဋ္ဌအနေနဲ့ သတိပြုမိတာကတော့မေးတဲ့နေရာမှာ ရွာများပြောင်းရွှေ့ခြင်းခံရမယ်ဆိုရင် နေရာသစ်မှာမြေနေရာရရှိဖို့ အဲဒီလိုမြေနေရာရရှိဖို့ဆိုတဲ့နေရာမှာ အခုသက်ဆိုင်ရာရွာတွေမှာ ပေါင်းစည်းပေးမယ်ဆိုတဲ့သဘောဖြစ်တဲ့အတွက် သက်ဆိုင်ရာ ရွာပတ်ဝန်းကျင်ကမြေကိုလည်း တာဝန်ရှိတဲ့အဖွဲ့အစည်းကစီစဉ်ပေးရမယ်ဆိုတဲ့ သဘောပေါက်ပါတယ်။ တစ်ခါ မူလနေရာမှာနေတဲ့ ရွာသူရွာသားများဟာလယ်ယာလုပ်ငန်း လုပ်ကိုင်စားသောက်တယ်ဆိုရင် ပြောင်းရွှေ့မယ့်နေရာမှာလည်း လယ်ယာလုပ်ငန်းလုပ်ကိုင်စားသောက်ဖို့ လိုကောင်းလိုမှာဖြစ်တဲ့အတွက် အဲဒီမြေနေရာများကိုလည်း ရရှိအောင်ဆောင်ရွက်ပေးစေလိုတဲ့ ဆန္ဒသဘောထားတင်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဖြေသွားတဲ့နေရာမှာပြောင်းရွှေ့နေရာချထားမှုပါပါတယ်။ အလုပ်အကိုင်လုပ်ကိုင်စားသောက်လို့ အဆင်မပြေသေးတဲ့အချိန်မှာ သက်ဆိုင်ရာထောက်ပံ့ကြေးပေး ထားမယ်ဆိုတာပါပါတယ်။ သို့ရာတွင် ရေရှည်လုပ်ကိုင်စားသောက်မယ့်မြေ ထိုက်သင့်တဲ့အကျယ်အဝန်းလည်း ရှိဖို့လိုမယ်ဆိုတဲ့သဘောကို မေးခွန်းမေးထားတဲ့ပုဂ္ဂိုလ်ရဲ့ အမေးမှာပါတဲ့အတွက် ဒါကိုလည်း တာဝန်ရှိတဲ့ အဖွဲ့အစည်းများအနေနဲ့ ကြိုတင်စဉ်းစားရမှာဖြစ်ပါတယ်။ ထိုနေရာရောက်သွားတဲ့အခါမှာ ဆုံးရှုံးသွားတဲ့ရွာ၊ ရွာမှာတိုးချဲ့တဲ့မြေကလည်း အရင်စိုက်ပျိုးမြေဖြစ်လို့ရှိရင် ဒီစိုက်ပျိုးမြေများကို အိမ်မြေအဖြစ်၊ မြို့မြေအဖြစ်ဖြစ်သွားမှာဖြစ်တဲ့အတွက် ဒီမြေများဟာလည်း ဆုံးရှုံးသွားမှာဖြစ်တဲ့အတွက် ဒီအတွက်ကိုလည်း တာဝန်ရှိတဲ့အဖွဲ့အစည်းများအနေနဲ့ စဉ်းစားကောင်း၊ စဉ်းစားပေးရမယ်လို့ယူဆပါတယ်။ တကယ်လို့မှ မြေမရှိတော့ဘူး။ စိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုလို့မရဘူးဆိုလို့ရှိရင် လည်းသက်ဆိုင်ရာ ရွာသူရွာသားများရဲ့ အလုပ်အကိုင်ရေရှည်ရရှိရေးအတွက်လည်း စဉ်းစားဆောင်ရွက်ပေးရမယ်လို့ ဥက္ကဋ္ဌဘက်ကတော့ ဒီလိုပဲသုံးသပ်မိပါတယ်။ ဒါကြောင့်မို့လို့ တင်ပြတဲ့ကိုယ်စားလှယ်ကြီးရဲ့တင်ပြချက်ကလည်း အင်မတန်ကောင်းမွန်ပြီးတော့ ဖြေကြားတဲ့နေရာမှာလည်း တော်တော်ပြည့်စုံပါတယ်။ သို့ရာတွင် ခုနကအချက်ကလေးတော့ ထပ်မံစဉ်းစားပြီးတော့ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်တော့ အားလုံးပြည့်စုံသွားမယ့်သဘောရှိပါတယ်။ ဒီနေ့ဒီကာလမှာ အားလုံးသိတဲ့အတိုင်းပဲ ခုနက အဖြေမှာလည်းပါပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စဟာလည်း အရေးတကြီးပါတဲ့အတွက် ဘက်စုံထောင့်စုံကဆောင်ရွက်ပေးနိုင်မှသာလျှင် အခုဖြစ်ပေါ်နေတဲ့ Issue တွေ၊တင်ပြချက်တွေ၊ အခုဖြစ်ပေါ်နေတဲ့ Issue တင်ပြချက်ဆိုတဲ့နေရာမှာလည်း ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ပတ်သက်ပြီးတော့ မကြာသေးခင်ကာလကလည်း အဲဒီဒေသမှာ အခြားအခြားသော ပြဿနာလေးများရှိတဲ့အတွက် သတိပြုမိပြီးတော့သက်ဆိုင်ရာကိုယ်စားလှယ်က ဒီလိုတင်ပြဆွေးနွေးတယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးတင်ပြချက်ကို အလေးထားပြီးဖြေကြားပေးတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကော နောက်ကျွန်တော်တို့

ဘက်ကလည်း ကျွန်တော်တို့မြင်သလောက်၊ တွေ့ရှိသလောက် ဒီမှာအကြံပြုတင်ပြခွင့်ရတဲ့အတွက် ဒါ မေးခွန်းမေးခြင်း၊ ပြန်လည်ဖြေကြားခြင်းနဲ့ ကျွန်တော်တို့ အကြံပြုခြင်းကိုလည်း အလေးထား ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့တိုက်တွန်းချင်ပါတယ်။ အခု အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို ၁၁း၄၀ နာရီတွင်ပြန်လည်စတင်ပါမယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီ။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးလည်းတဖြည်းဖြည်းကြာလာ၊ ကြာလာသလိုမေးခွန်းတွေကလည်း နောက်ထပ်လိုက်လာ၊ မေးတဲ့အခါကျတော့လည်း ပြည့်စုံအောင် ဆိုပြီးတော့မေးတော့ သတ်မှတ်ထားတဲ့အချိန်ကမပြီး ဒါကြောင့်မို့လို့ မေးခွန်းများမေးတဲ့အခါမှာ အခြေအနေအဖွင့်ကို နားလည်အောင် မေးတာလေးတွေ ကောင်းသလိုရှိသလို တချို့လည်းမလိုဘဲနဲ့ အရှည်ကြီးမမေးလို့ရှိရင်တော့ အချိန်သက်သာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းများမေးတဲ့ အခါမှာ လိုအပ်လို့ရှိရင်တော့ အချိန်ကိုသုံးပါ။ မလိုအပ်ဘူးဆိုလို့ရှိရင်တော့ အချိန်ကိုမသုံးဖို့ မေတ္တာရပ်ခံပါတယ်။ ဆက်လက်ပြီး ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်းက မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရှိန်ကျော်ဝင်း(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်၊ လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်ကျော်ဝင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအစိုးရအဆက်ဆက်ဟာ Economic Service of Burma ပြည်သူသို့အစီရင်ခံစာ၊ ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ တင်ပြချက်ဟူ၍ အမည်အမျိုးမျိုးဖြင့် နိုင်ငံတော်၏လူမှုစီးပွားအခြေအနေများကို ၁၉၉၇-၁၉၉၈ ခုနှစ်အထိ နှစ်စဉ် စဉ်ဆက်မပြတ် ထုတ်ပြန် ပေးခဲ့ပါတယ်။ ဒါဟာ အစိုးရရဲ့ထင်သာမြင်သာရှိမှု၊ ပွင့်လင်းမှု Transparency ကိုလည်းဖော်ဆောင်

ရာရောက်ပါတယ်။ ယင်းအစီရင်ခံစာ ရပ်တန့်သွားတဲ့နှစ်ကာလများမှာ ပြင်ပနိုင်ငံများမှ သေချာမှု မှန်ကန်မှုမရှိတဲ့ ခန့်မှန်းခြေကိန်းဂဏန်းများကိုသာအမှန်အဖြစ် မှတ်ယူသုံးစွဲနေရပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ တင်ပြချက်ကို ဆက်လက်ထုတ်ပြန် တင်ပြသွားရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းဆိုလည်း ပြည့်စုံပါတယ်။ အချိန်လည်းမကုန်ပါဘူး။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကံဇော်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်ကျော်ဝင်းက မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ တင်ပြချက်ကို ဆက်လက်ထုတ်ပြန်ဆောင်ရွက်သွားရန် အစီအစဉ်ရှိမရှိ မေးမြန်းထားခြင်းနှင့်စပ်လျဉ်း၍ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး၏ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာကံဇော်မှ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်လက်ထက်မှာ ပြည်သူသို့ အစီရင်ခံစာအမည်ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှပြုစုခဲ့ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများတင်ပြချက် အမည်ဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ပြုစုဆောင်ရွက်ခဲ့ပါတယ်။ ဖော်ပြပါအစီရင်ခံစာများ၏ ဘဏ္ဍာရေးနှစ်ကို ၁၉၇၃-၁၉၇၄ ဘဏ္ဍာရေးနှစ်နှင့် ယင်းနှစ်မတိုင်မီ ဘဏ္ဍာရေးနှစ်များက အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ သတ်မှတ် ထားပြီး ၁၉၇၄-၁၉၇၅ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာရေးနှစ်များကို ဧပြီလ ၁ ရက်နေ့မှ နောက်နှစ် မတ်လ ၃၁ ရက်နေ့အထိ သတ်မှတ်ဖော်ပြခဲ့ပါတယ်။ တန်ဖိုးတွက်ချက်ဖော်ပြရာတွင် ၁၉၈၅-၁၉၈၆ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများနှင့် ၂၀၀၀-၂၀၀၁ ခုနှစ်အထိတွက်ချက်ထားပြီး တတိယကာလတို ငါးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၀၁-၂၀၀၂ ခုနှစ်မှစတင်၍ ၂၀၀၀-၂၀၀၁ ပုံမှန်ဈေးနှုန်းများဖြင့် လည်းကောင်း၊ စတုတ္ထကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ ခုနှစ်မှစ၍ ၂၀၀၅-၂၀၀၆ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့်လည်းကောင်း တွက်ချက်ဖော်ပြခဲ့ပါတယ်။ ဖော်ပြပါ နိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ တင်ပြချက်စာအုပ်များကို ၁၉၉၇-

၁၉၉၈ ခုနှစ်အထိ ပြည်သူသို့ နှစ်စဉ်ထုတ်ပြန်ခဲ့သော်လည်း ၁၉၉၈-၁၉၉၉ ခုနှစ်မှစ၍ ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ကျယ်ပြန့်များပြားလာသည့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းအား ရပ်ဆိုင်းထားပြီး ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ သုတေသီများ၊ နိုင်ငံတကာစီးပွားရေးနှင့် ငွေကြေးအဖွဲ့အစည်းများ အားမှန်မှန်ကန်ကန် လေ့လာသုံးသပ်ခွင့်ရနိုင်ရန်အတွက် ၎င်းဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ နိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ဖော်ပြသည့်လစဉ်စာရင်းအင်း စာစောင်များ၊ နှစ်ချုပ်စာရင်းအင်းစာစောင်များနှင့် CD များကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်းနှင့် ဆိပ်ဖြူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်ကျော်ဝင်း၏ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများတင်ပြချက်ကို ဆက်လက်ထုတ်ပြန်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းခြင်းအပေါ် ယခင်ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများတင်ပြချက်ကို ပြန်လည်ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ရန်အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ဒီအစည်းအဝေးကို တက်ရောက်နေကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဏာမအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ မေလ ၂၂ ရက်၊ ၂၀ ရက် နေ့မှ ၂၂ ရက်ထိ ကျင်းပပြုလုပ်ခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးဆိုင် ရာအမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ကုမ္ပဏီအသစ်တွေ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်ပြီးတော့ အချက်အလက်ပြည့်စုံလို့ရှိရင် တစ်ကြိမ်တည်းနဲ့အပြီး ဆောင်ရွက်တဲ့စနစ်၊ One Stop Service ကိုစတင်ကျင့်သုံးခဲ့ပြီဆိုတဲ့အကြောင်းကို ပြောကြားခဲ့ပါတယ်။ အဲဒီနောက်မှာ ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကလည်း မေလ ၂၂ ရက်နေ့မှာ အဲဒီ သုံး၊ လေးရက်အတွင်းမှာ ကုမ္ပဏီ ၂၅ ခုကို အလျင်အမြန်မှတ်ပုံတင်ပေးနိုင်ခဲ့ကြောင်း တင်ပြခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီမှတ်ပုံတင်အသစ်တွေ မှတ်ပုံတင်ပေးခြင်းဟာ အဆင်ပြေတဲ့အတွက် အားလုံးကျေးဇူးတင်ရှိကြပါတယ်။ ဒါပေမယ့် ကုမ္ပဏီအဟောင်းတွေ သက်တမ်းတိုးတဲ့အခါမှာတော့

တော်တော့်ကိုပဲ အချိန်ကြန့်ကြာနေရကြောင်း တွေ့ရှိရပါတယ်။ အဲဒီလိုကြန့်ကြာတာနဲ့အမျှ ကျွန်တော်တို့ပို့ကုန်ပို့တဲ့ ကုမ္ပဏီများအနေနဲ့ ပို့ကုန်ပို့တဲ့နေရာမှာ အခက်အခဲရှိပါတယ်။ ဒီထက်ဆိုးတာကတော့ ကျွန်တော်မူလတုန်းကတော့ စောစောကဖွဲ့စည်းတဲ့ကုမ္ပဏီတွေမှာ ရေလုပ်ငန်းလုပ်တဲ့ကုမ္ပဏီ၊ လက်ယာကိုင်းကျွန်းထွက် သီးနှံတင်ပို့တဲ့ကုမ္ပဏီရယ်လို့ ပေါင်းလုပ်ကြတဲ့အခါမှာ တချို့ဒါရိုက်တာတွေကရေလုပ်ငန်းကုမ္ပဏီမှာလည်းပါတယ်။ လက်ယာကိုင်းကျွန်းထွက်သီးနှံ တင်ပို့တဲ့ကုမ္ပဏီမှာလည်းပါတယ်။ အဲတော့ အဲဒီလိုနှစ်ခုပါနေတဲ့အခါမှာ အခုကုမ္ပဏီမှတ်ပုံတင်တဲ့အခါမှာ တစ်ခုက Tex Assessment မပြီးသေးလို့ရှိရင် အဲဒီပြီးတဲ့ကုမ္ပဏီကလည်း အဲဒီဒါရိုက်တာ အဲဒီအထဲမှာပါနေတဲ့အတွက်ဆိုပြီးတော့ မှတ်ပုံတင်ပေးတာကို Renew လုပ်လို့မရဘူးဖြစ်နေပါတယ်။ အဲဒီကိစ္စကတော့ ကုမ္ပဏီတော်တော်များများမှာ ဖြစ်ပေါ်နေတဲ့အတွက် ဒါကိုလည်း စဉ်းစားစေလိုပါတယ်။ နောက်တစ်ချက်က ကုမ္ပဏီသက်တမ်းကို နှစ်နှစ်တစ်ခါ သက်တမ်းတိုးနေတဲ့အတွက် ကျွန်တော်တို့ရုံးလုပ်ငန်း သုံးပုံတစ်ပုံလောက်က နှစ်နှစ်မပြည့်သေးဘူးဆိုရင် တော်တော့်ကိုပဲ အချက်အလက်တွေစုဆောင်းပြီးတော့ မှတ်ပုံတင်ရတာဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့ မေးခွန်းသုံးခုကတော့ (၁) သက်တမ်းတိုးကုမ္ပဏီ မည်မျှဆောင်ရွက်ပြီးစီးကြောင်းနှင့် သက်တမ်းတိုးရန်ကုမ္ပဏီမည်မျှကျန်ရှိပါသေးသနည်း။ (၂) သက်တမ်းတိုးဆောင်ရွက်ရာတွင် ပြည်ထဲရေးဌာန၏ စစ်ဆေးမှု၊ အခွန်ဌာန၏ဆောင်ရွက်မှုများကြောင့် နှောင့်နှေးမှုများရှိနေသည်ကို လျှော့ပေါ့ပြီးမြန်ဆန်အောင် ဆောင်ရွက်နိုင်ခြင်းရှိမရှိ။ (၃) ကုမ္ပဏီသက်တမ်းကို နှစ်နှစ်မှ ငါးနှစ်အထိ ပြင်ဆင်သတ်မှတ်ပေးခြင်းက ပိုမိုကောင်းမွန်နိုင်သည်ကို ပြင်ဆင်စဉ်းစားနိုင်ခြင်းရှိ၊ မရှိကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကံဇော်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ မေးမြန်းချက်များအပေါ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီးက ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးခင်မောင်ဝင်းရဲ့ မေးခွန်းပထမအချက်မှာ သက်တမ်းတိုးကုမ္ပဏီ မည်မျှဆောင်ရွက်ပြီးကြောင်းနှင့် သက်တမ်းတိုးကုမ္ပဏီ မည်မျှကျန်ရှိကြောင်း ကိစ္စနဲ့စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ သက်တမ်းတိုးရန် တင်ပြလာသော

ကုမ္ပဏီပေါင်း ၂၂၈၃ ခုရှိပြီးမူရင်းကတ်ပြားထုတ်ပေးနိုင်ခဲ့သောကုမ္ပဏီ ၁၁၃၂ ခုနှင့်ယာယီသက်တမ်းတိုးကတ်ပြား ထုတ်ပေးနိုင်ခဲ့သောကုမ္ပဏီ ၁၁၅၁ ခုရှိပါတယ်။ ကုမ္ပဏီသက်တမ်းတိုးမူရင်းကတ်ပြားသည် ရှေးယခင်ကအခွန်ပြေကျေအောင်မပေးသွင်းသော ကုမ္ပဏီများအား သက်တမ်းတိုးခွင့်မပြုခဲ့တဲ့အတွက် ကုမ္ပဏီများပို့ကုန်သွင်းကုန်လုပ်ငန်း မလုပ်နိုင်ဘဲ ရပ်တန့်နေခဲ့ရသည့် အခက်အခဲကြုံတွေ့ခဲ့ရတာကြောင့် နောက်ပိုင်းမှာ ယာယီသက်တမ်းတိုး ကတ်ပြားထုတ်ပေးမှုကို ကျင့်သုံးခဲ့တာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဧပြီလမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးစတင်တာဝန်ယူချိန်မှာပဲ လူကြီးတချို့နဲ့ ကုန်သည်လုပ်ငန်းရှင်တချို့က ကုမ္ပဏီမှတ်ပုံတင်နဲ့ သက်တမ်းတိုးကိစ္စတွေ ကြန့်ကြာခက်ခဲနေကြောင်း ထောက်ပြပြောဆိုခဲ့ပါတယ်။ အဲဒါအပြင် မှတ်ပုံတင် သက်တမ်းတိုးသွားလုပ်တဲ့အခါမှာ ဝန်ထမ်းအရာရှိအမျိုးသမီးက အကြောင်းမဲ့ဆူပူကြိမ်းမောင်းလေ့ရှိပြီး ဆက်ဆံရေးမပြေပြစ်ကြောင်း တိုင်ကြားချက်အရ ချက်ချင်းပြောင်းရွှေ့ပစ်ခဲ့ပါတယ်။ ရှေးယခင်ကတည်းက ယာယီသက်တမ်းတိုးကို နေ့ချင်းပြီးပြုလုပ်ပေးရန် အထက်အကြီးအကဲများက လမ်းညွှန်ထားပြီးခဲ့သော်လည်း ကုမ္ပဏီမှတ်ပုံတင်ရုံး၊ စားပွဲတစ်ခုချင်းကို ကွင်းဆင်းကြည့်ရှုပြီး စားပွဲတစ်ခုချင်း အဆင့်ဆင့်ဆောင်ရွက်မှုကို လေ့လာဆန်းစစ်တဲ့အခါ မလိုအပ်ဘဲ အောက်ခြေမှအထက်၊ အထက်မှအောက်ခြေ စာတစ်စောင် တက်လိုက်၊ ဆင်းလိုက် ကြန့်ကြာပြီး အလုပ်မဖြစ်တာကိုတွေ့ရတဲ့အတွက် ရုံးစီမံခန့်ခွဲမှုပြောင်းလဲခြင်း Office Management Change ကိုတစ်နေရာတည်းတွင် စားပွဲအားလုံးစုပေါင်းပြီး စာရွက်စာတမ်းပြည့်စုံက ကြာမြင့်အချိန် စံချိန်ယူဆောင်ရွက်ခဲ့ရာ သုံးနာရီအတွင်း ယာယီသက်တမ်းတိုးကတ်ပြား ထုတ်ပေးနိုင်တာကို တွေ့ရတဲ့အတွက် နေ့ချင်းပြီး ဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ပေးနိုင်သည့် အရည်အချင်းမရှိပါက ထိုအရည်အချင်းမရှိသူကို အငြိမ်းစားပေးရန် ညွှန်ကြားခဲ့ရပါတယ်။ ဒါကြောင့် နောက်ပိုင်းမှာ နေ့ချင်းပြီး ယာယီမှတ်ပုံတင်နှင့် နေ့ချင်းပြီး ယာယီသက်တမ်းတိုးကတ်ပြားတို့ ထုတ်ပေးနိုင်ခဲ့ပါတယ်။ အချို့ကုမ္ပဏီများဟာ ငွေကျပ်သုံးလေးငါးသောင်းပေးပြီး ကိုယ်စားလှယ်ပွဲစားနှင့်လုပ်နေကြောင်း ကြားသိရတဲ့အတွက် ဝန်ထမ်းများတရားမဝင် ငွေကြေးရယူဆောင်ရွက်ပါက ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ပါတယ်။ ဝန်ထမ်းများက တရားမဝင်ငွေကြေးတောင်းယူ လုပ်ဆောင်မှုမျိုးရှိရင်လည်း တိုင်ကြားသွားရန်နှင့် အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့သတင်းတစ်ပုဒ်မှာ စင်ကာပူရှိ မြန်မာသံရုံးမှာ နိုင်ငံကူးလက်မှတ် အခွန်ဆောင်သက်တမ်းတိုးမှုကို ကြားပွဲစားဆောင်ရွက်ပေးနေသူတစ်ဦး ငွေတွေနဲ့အတူ ထွက်ပြေးတိမ်းရှောင်သွားလို့ ပွဲစားကိုခိုင်းမိသူ အချို့ငွေကြေးဆုံးရှုံးမှုဖြစ်ခဲ့ကြောင်း သတင်းမျိုးလိုပဲ ကြားပွဲစားလက်ထဲမှာ ကုမ္ပဏီ

သက်တမ်းတိုး အချိန်ကြန့်ကြာပြီး ၎င်းတို့သားသမီးကုမ္ပဏီကြာတာကို မိဘက ကျွန်တော့်ဆီ ဖုန်းဆက်ပြောလို့ ပြန်စိစစ်တဲ့အခါမှာ မပြည့်မစုံပေးလိုက်ရတဲ့အချက်နဲ့ ပွဲစားအပ်ပြီး ပွဲစားလက်မှာ ကြာနေတာတွေ့ရှိရပါတယ်။ သို့ရာတွင် ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၄ အရ ကုမ္ပဏီဖွဲ့စည်းတဲ့အခါ အစုရှယ်ယာရှင်များက ၎င်းတို့နေရပ်လိပ်စာမှန်ကန်ကြောင်းနှင့် ၎င်းတို့အစုရှယ်ယာပမာဏမည်ရွေ့မည်မျှထည့်ဝင်ကြောင်းကို တရားလွှတ်တော်ရှေ့နေ၏ရှေ့မှောက်တွင် မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး တရားလွှတ်တော်ရှေ့နေမှလည်း မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပေးရပါတယ်။ သို့ရာတွင် အချို့ကုမ္ပဏီများဟာ ပွဲစားကိုယ်စားလှယ်များဖြင့် ငွေကြေးပေးပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်တာကိုတွေ့ရှိရပါတယ်။ ဒါကြောင့် မြန်မာတိုင်းရင်းသားကုမ္ပဏီများကို တရားလွှတ်တော်ရှေ့နေရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးမှ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုရင်မရဘူးလားဟု ဥပဒေကျွမ်းကျင်သူနှင့်တိုင်ပင်သောအခါ ကုမ္ပဏီများ၏ မမှန်မကန်လုပ်ရပ်များကြောင့် အမှုအခင်းများဖြစ်ပွားသည့်အခါ တရားဥပဒေနှင့်အညီ လုပ်သင့်လုပ်ထိုက်တာကို ဆောင်ရွက်သင့်ကြောင်းအကြံပြုပြန်ကြားလာပါတယ်။ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် ၁၉၅၀ ခုနှစ်၊ အထူးကုမ္ပဏီအက်ဥပဒေတို့ဟာ ရှေးနှစ်ပေါင်းများစွာက ပြဋ္ဌာန်းခဲ့ပြီး ခေတ်နဲ့မဆီလျော်တော့တဲ့အတွက် ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဥပဒေကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းရေးဆွဲလျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအချက်မှာ သက်တမ်းတိုးဆောင်ရွက်ရာတွင် ပြည်ထဲရေးဌာန၏ စစ်ဆေးမှု၊ အခွန်ဌာန၏ ဆောင်ရွက်မှုများကြောင့် နှောင့်နှေးမှုများရှိသည်ကို လျှော့ပေါ့ပြီး မြန်ဆန်အောင်ဆောင်ရွက်နိုင်ခြင်းရှိမရှိသိလိုကြောင်း မေးမြန်းချက်နှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်၊ ဧပြီလက ပြည်ထဲရေးဝန်ကြီးဌာနမှ ကုမ္ပဏီများအား ကွင်းဆင်းစိစစ်ပြန်ကြားရန် လက်ကျန်ကုမ္ပဏီအရေအတွက် ၃၀၀၀ ကျော်ခန့်ကျန်ရှိနေပြီး လေ့လာဆန်းစစ်ရာတွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ သတင်းတပ်ဖွဲ့စသည့် အဖွဲ့အစည်းများကို တာဝန်ပေးခဲ့ရတဲ့အတွက် လုပ်ငန်းပမာဏနှင့်ဝန်ထမ်းအင်အား မြို့တိုင်းတွင် ယင်းအဖွဲ့အစည်းများမရှိသဖြင့် နှောင့်နှေးခဲ့ရကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် စီမံခန့်ခွဲမှုစနစ်ပြောင်းလဲခြင်း System Management Change ကို ပြုလုပ်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးအား ညှိနှိုင်းအကူအညီတောင်းခံချက်အရ ကုမ္ပဏီမှတ်ပုံတင်နှင့် သက်တမ်းတိုးများကို ယခင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် သတင်းတပ်ဖွဲ့တို့အစား မြို့တိုင်းတွင်စခန်းရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲစခန်းများမှ စိစစ်တာဝန်ယူ ပြန်ကြားပေးသည့်အတွက် ရက်သတ္တတစ်ပတ်မှ နှစ်ပတ်အတွင်း ပြန်ကြားချက်ရရှိလာသော်လည်း အဓိကအခက်အခဲမှာ

ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် နေရပ်လိပ်စာအတိုင်း ကွင်းဆင်းတွေ့ဆုံသည့်အခါ ကုမ္ပဏီလိပ်စာနဲ့ ဒါရိုက်တာအဖွဲ့ဝင်လိပ်စာများသည် ကုမ္ပဏီမှတ်ပုံတင်ရုံး၌ စာရင်းပေးမှတ်ပုံတင်ထားသည့်အတိုင်း မတွေ့ရှိရမှုက ၃၅ ရာခိုင်နှုန်းခန့်ဖြစ်ပြီး အချို့ကွယ်လွန်ပြီးသူ၏ မှတ်ပုံတင်အမှတ်ဖြင့် အမည်စာရင်း ပေးထားပြီးလူမရှိခြင်း၊ အချို့မှာအမည်စာရင်းပါသူက ကုမ္ပဏီမှတ်ပုံတင်အမည်စာရင်း၌ ၎င်းတို့ပါရှိ နေခြင်းကို မသိကြောင်း၊ ကာယကံရှင်မသိဘဲ အမည်စာရင်းပေးထားမှုကို သဘောမတူကြောင်း စသည်ဖြင့်တွေ့ရှိရပါတယ်။ အချို့မှာ မြို့နယ်၊ ရပ်ကွက်အတွင်း အိမ်ရာ၊ မြေ၊ ငွေကြေးအမှုအခင်း မကင်းရှင်းသူများ၊ အမည်မဲစာရင်း Black List ပါသူများတွေ့ရှိရတဲ့အတွက်၊ ကြန့်ကြာမှုမှလွဲ၍ ကျန်အချက်အလက်ပြည့်စုံမှန်ကန်သူများအတွက် လွယ်ကူမြန်ဆန်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်လာသော်လည်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများအတွက်ကိုမူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဟိုတယ်နှင့်ခရီးသွားလာရေး အသင်းဝင်ဖြစ်မှ ထောက်ခံပေးသည့်စနစ်ကျင့်သုံးလျက်ရှိသဖြင့်လည်းကောင်း၊ သတ္တု၊ ကျောက်မျက် လုပ်ငန်းလုပ်ကိုင်မည့် ကုမ္ပဏီများအတွက် သတ္တုတွင်းဝန်ကြီးဌာနမှ ကျောက်မျက်အသင်းဝင်ခြင်း၊ ရတနာ ရောင်းဝယ်ရေးလိုင်စင်ရှိခြင်း၊ သတ္တုတူးဖော်ရေးလိုင်စင်ရှိခြင်းစသည့်အချက်များပြည့်စုံမှသာ ထောက်ခံပေးသည့် စနစ်ကျင့်သုံးလျက်ရှိသဖြင့်လည်းကောင်း၊ ကုမ္ပဏီမှတ်ပုံတင်နှင့် သက်တမ်းတိုး ကိစ္စရပ်များ အနည်းဆုံးနှစ်လမှ အများဆုံးငါးလအထိ ကြန့်ကြာနေဆဲဖြစ်သည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ညှိနှိုင်းမေတ္တာရပ်ခံထားပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကိုညှိနှိုင်း သည့်အခါ ယင်းဝန်ကြီးဌာနမှ အခွန်ပြေကျေလျှင် ရက်သတ္တတစ်ပတ်အတွင်း ကုမ္ပဏီသက်တမ်းတိုး နိုင်ကြောင်း၊ စာပို့ကြောင်း၊ အခွန်ပြေကျေအောင်မသွင်းကြလို့သာ သက်တမ်းတိုးမထောက်ခံနိုင်တာ ဖြစ်ကြောင်းပြန်ကြားချက်ရရှိပါတယ်။ ယခင်အတွေ့အကြုံများအရ ကုမ္ပဏီအချို့ဟာ လေးငါး ဆယ်နှစ် ပုံမှန်အခွန်ပေးဆောင်ခဲ့ခြင်းမရှိသည့်အတွက် ကျပ်သန်းပေါင်းများစွာ စုပေါင်းအခွန်ဆောင် ခဲ့ရသည့် ဖြစ်စဉ်မျိုးပေါ်ပေါက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် စီးပွားရေးလုပ်ငန်းသူများ ပုံမှန်အခွန်ပေးဆောင်ခြင်းဖြင့် အလားတူ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်ပြီး ကုမ္ပဏီသက်တမ်း တိုးခြင်းကို ပုံမှန်အခွန်ပေးဆောင်ပြီးမှ ခွင့်ပြုဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အခွန်မှန်မှန်ဆောင် သွားရင်အဆင်ပြေချောမွေ့နိုင်ပါကြောင်း ညှိနှိုင်းပြန်ကြားအပ်ပါတယ်။ ယခင်ကတည်းက ထိုအခက် အခဲကိုကျော်လွှန်ပြီး ကုမ္ပဏီလုပ်ငန်းရှင်များ လုပ်ငန်းရပ်တန့်မထားရအောင် နေ့ချင်းယာယီ မှတ်ပုံတင်သက်တမ်းတိုးခွင့်ကတ် ထုတ်ပေးရေးစီစဉ်ခဲ့ခြင်းဖြစ်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ ဒုတိယမေးမြန်းချက်ဖြစ်တဲ့ နှေးတာကိုမြန်အောင်

ဌာနရဲ့ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုပြောင်းလဲခြင်း Office Management Change နဲ့စီမံခန့်ခွဲမှုစနစ်ပြောင်းလဲခြင်း System Management Change ကိုပြောင်းလဲသွားရမှာဖြစ်ပြီး ဒါမှသာနိုင်ငံတော်သမ္မတကြီးလမ်းညွှန်မိန့်ကြားတဲ့ Good Governance, Clean Government ဖြစ်တဲ့အစိုးရယန္တရားလျင်မြန်စွာလည်ပတ်လာမှာဖြစ်ပြီး ပြည်သူလူထုရဲ့ဆန္ဒနဲ့ ပြည့်ဝလာမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ မေးခွန်းတတိယအချက်မှာ ကုမ္ပဏီသက်တမ်းတိုးကို နှစ်နှစ်မှ ငါးနှစ်အထိပြင်ဆင်သတ်မှတ်ခြင်းက ပိုမိုကောင်းမွန်နိုင်သည်ကို ပြင်ဆင်စဉ်းစားနိုင်မည်လား သိလိုပါသည်ဟု မေးမြန်းခြင်းနှင့်စပ်လျဉ်း၍ နှစ်ရှည်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားကုမ္ပဏီများ၊ တိုင်းရင်းသားကုမ္ပဏီများကိုရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည်နှင့် ရင်းနှီးမြှုပ်နှံသည့် နှစ် ၂၀ ဆိုရင်၊ နှစ် ၂၀ နှစ် ၃၀ ဆိုရင်၊ နှစ် ၃၀ ပေးထားရင်ကောင်းမည်ဟု စဉ်းစားဆွေးနွေးဖူးသလို အခြားကုန်သွယ်မှု၊ ဝန်ဆောင်မှုကုမ္ပဏီများအတွက်လည်း ရှေးယခင်စနစ်အရ သက်တမ်းတိုးတင်ပြကာလ ခြောက်လမှ တစ်နှစ်အထိကြာပြီးနောက်နှစ်တွင် သက်တမ်းတိုးပြန်တင်ရသည့်အတွက် အဆင်မပြေကြတာကို တွေ့ရှိခဲ့ရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်သူ ယခုအထိ ၄၅၄ ဦး၊ နိုင်ငံသားရင်းနှီးမြှုပ်နှံသူ ၈၁၁ ဦး၊ စုစုပေါင်း ၁၂၆၅ ဦးရှိပြီး နောက်ထပ် ရင်းနှီးမြှုပ်နှံဖို့တန်းစီထားသူတွေအပါအဝင် ရင်းနှီးမြှုပ်နှံမှုအဆင်ပြေချောမွေ့ဖို့ စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များနဲ့ လေ့လာသုံးသပ်ခြင်း၊ အခြားနိုင်ငံများရဲ့လုပ်နည်းလုပ်ဟန်များလေ့လာခြင်းဆောင်ရွက်တဲ့အခါမှာ ရင်းနှီးမြှုပ်နှံခွင့်နှင့်အတူ ကုမ္ပဏီမှတ်ပုံတင်ခွင့်တစ်ပြိုင်တည်းမပါသေးဘဲ သီးခြားစီကွဲပြားနေတာတွေ့ရသလို ကုမ္ပဏီသက်တမ်းတိုးများကိုလည်းရင်းနှီးမြှုပ်နှံမှုကာလအတိုင်းမရရှိဘဲ နှစ် နှစ်တစ်ကြိမ်တိုးရတာ တွေ့ရှိရပါတယ်။ ဒီကိစ္စနဲ့စပ်လျဉ်းပြီးသက်ဆိုင်ရာများနဲ့ ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ ရင်းနှီးမြှုပ်နှံပြီးမကြာမီမှာပင် အစုရှယ်ယာရှင်အမည်များပြောင်းလဲခြင်း၊ ရင်းနှီးမြှုပ်နှံသူတွေထဲမှာလည်း နိုင်ငံခြားသားက နိုင်ငံသားအမည်ခံပြီးဆောင်ရွက်နေခြင်းများ၊ အချို့ကုမ္ပဏီများဟာ ရင်းနှီးမြှုပ်နှံမှုပဋိညာဥ်မူကြမ်း၊ ကန်ထရိုက်စာချုပ်တင်ပြရန်၊ ပွဲစားနှင့်ရှေ့နေအပ်ပြီး ရင်းနှီးမြှုပ်နှံမှုငွေကြေးနဲ့ စက်ပစ္စည်းကိန်းဂဏာန်းများဟာ မဆီမလျော်ဖြစ်သလိုတင်ပြ၍ အခွန်အကောက်သက်သာအောင် ဆောင်ရွက်ခြင်း စသည့်မမှန်မကန်မှုများမရှိပါက ကုမ္ပဏီသက်တမ်းတိုးခွင့်ကို ရင်းနှီးမြှုပ်နှံမှုကာလသက်တမ်းအတိုင်း ခွင့်ပြုနိုင်မည်ဖြစ်သော်လည်းယခင်ရင်းနှီးမြှုပ်နှံမှုအမှုအခင်းပြဿနာများ ယနေ့တိုင် ရှင်းလင်းရဆဲ အခြေအနေများရှိပါတယ်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ဆက်စပ်ဆောင်ရွက်တဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုဟာတရားရုံးမှာ ဖြေရှင်းနေရဆဲဖြစ်ပြီး ကျန်တစ်ခုဟာ ရင်းနှီးမြှုပ်နှံမှုကာလတစ်ဝက်မှာ စာရင်းရှင်းလင်းဖျက်သိမ်းလိုသော်လည်း အခက်အခဲတွေ့နေဆဲဖြစ်ပါတယ်။ ဒါကြောင့်ရင်းနှီးမြှုပ်နှံမှုများကို

မြန်မြန်ဆန်ဆန်ဖွင့်၍ အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးအရှိန်အဟုန်မြှင့်တင်ရန် အရေးတကြီးလိုအပ်နေသလို တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုသာရောက်လာပြီး နိုင်ငံ့အရင်းအမြစ်သုံးစွဲခြင်းခံရသလောက် ငွေကြေးစီးဝင်ရရှိတိုးတက်မှု ရှိသင့်သလောက်မရှိခဲ့တာ တွေ့ရှိရပါတယ်။ ရင်းနှီးမြှုပ်နှံသူများကို တိုင်းပြည်အကျိုးစီးပွားတိုးတက်ရေးအတွက် အကျိုးတူစီးပွားဖက်မိတ်ဆွေ သဖွယ် Investment Friendly Environment ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းကို ဖန်တီးပေးရမှာ ဖြစ်သလို ရှိပြီးသားစီးပွားရေးဝန်းကျင်ကို ကောင်းမွန်အောင်ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ဥပမာ-နိုင်ငံခြားကုမ္ပဏီတစ်ခုဟာ ယခင်ကုမ္ပဏီများက နိုင်ငံသားအမည်ခံလုပ်လို့ရခြင်းမျိုးကို ယခု ဘာကြောင့်စိစစ်ရသလဲမေးမြန်းမှုအပေါ် ယနေ့ဟာ ခေတ်သစ်စနစ်သစ်ကူးပြောင်းနေပြီဖြစ်ကြောင်း နိုင်ငံတကာအလေ့အကျင့်များအတိုင်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဥပဒေများကိုလိုက်နာရန်လိုအပ်သဖြင့် လမ်းကြောင်းမှန်သို့ ရောက်အောင်ဆောင်ရွက်နေရကြောင်း၊ ထိုသို့မဆောင်ရွက်ပါက တရားမဝင်စီးဝင်ငွေပမာဏများပြားလာသည်နှင့် ဒေါ်လာဈေးကျဆင်းပြီး ပို့ကုန်လုပ်ငန်းများထိခိုက်မှု ပိုမိုကြောင်း ရှင်းပြခဲ့ရပါတယ်။

ဦးခင်မောင်ဝင်းရဲ့ မေးခွန်းနဲ့တစ်ပြိုင်နက်ရရှိတဲ့ မိုင်းရှူးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရွှေရဲ့မေးခွန်းမှာ ဈေးကွက်စီးပွားရေးစနစ်တွင် အရှင်ရှင်၊ ဓနရှင်၊ အခွင့်ထူးခံများက လက်ဝါးအုပ်ချယ်လှယ်သည့် ဖြစ်ရပ်မျိုးမဖြစ်စေရန်၊ လူနည်းစုပုဂ္ဂလိကလုပ်ငန်းရှင်များက ကုမ္ပဏီအမည်နာမအမျိုးမျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်နေခြင်းများအပေါ် လုပ်ကိုင်ခွင့်ပေးရာ၌ မည်သည့်နည်းစနစ်မျိုးဖြင့် လုပ်ကိုင်စေသင့်ကြောင်းဖြေကြားပေးရန် မေးမြန်းထားမှုအပေါ် ဦးခင်မောင်ဝင်းရဲ့ မေးမြန်းချက်နဲ့ဆက်စပ်ပြီး စဉ်းစားနိုင်အောင် တင်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ထံရောက်ရှိတဲ့ တိုင်စာ၊ ပစ်စာများထဲမှာ ဦးကျော်တင်ရွှေတင်ပြသလိုကုမ္ပဏီလုပ်ငန်းရှင်များက တပည့်များအမည်နဲ့ ကုမ္ပဏီဖွဲ့ပေးပြီး ပို့ကုန်၊ သွင်းကုန် လေးငါးကြိမ်လုပ်ပြီးတာနဲ့ ကုမ္ပဏီနဲ့ ဒါရိုက်တာအဖွဲ့လိပ်စာမှာ ရှာမတွေ့တော့ဘဲ၊ ခြေရာဖျောက် အခွန်ရှောင်တာမျိုးရှိသလို၊ လက်တွေ့အစည်းအဝေးတစ်ခုဖိတ်ခဲ့ရာမှာ မဖိတ်ဘဲတက်လာတဲ့ ကုမ္ပဏီလုပ်ငန်းရှင်ကြီးတစ်ဦးကို လက်တွေ့လုပ်ကိုင်နေတဲ့ ကုမ္ပဏီလုပ်ငန်းရှင်ကိုပဲ ဖိတ်တာပါ။ စာရင်းမပါသူမတက်ပါနဲ့လို့ပြောတော့ အဲ့ဒီပုဂ္ဂိုလ်က ကျွန်တော်ကသာလျှင် ဒီကုမ္ပဏီငါးခုကို တပည့်များအမည်နဲ့ထူထောင်ထားသူပါလို့ ကိုယ်တိုင်ဝန်ခံပြောဆိုခဲ့တာကို ကြုံတွေ့ရပါတယ်။ ကုန်သည်တစ်ဦးရဲ့ပြောပြချက်အရ သူသိတဲ့ကုမ္ပဏီတစ်ခုဟာ တပည့်အမည်နဲ့ကုမ္ပဏီထူထောင်၍ ရှစ်လတိတိသွင်းကုန်သွင်းပြီးတာနဲ့ နိုင်ငံခြားကုမ္ပဏီနဲ့ ရှင်းရန်ကျန်ငွေပါမရှင်းရအောင် အဲ့ဒီလိပ်စာနဲ့ လူပါခြေရာဖျောက်

တာကိုလက်တွေ့ရှင်းပြပါတယ်။ မြန်မာကုမ္ပဏီတချို့ရဲ့ငွေကြေးကတိကဝတ်ပျက်မှုအပေါ် နိုင်ငံခြားကုမ္ပဏီများက ယခင်တိုင်ကြားမှုများအပေါ်တွင်လည်း UMFCCI အငြင်းပွားမှုခုံရုံးဖြင့် ဖြေရှင်းပေးခဲ့ရတဲ့ သာဓကများတွေလည်းရှိခဲ့ပါတယ်။

စီးပွားရေးနယ်ပယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးဝန်းကျင်တစ်ခုလုံးနှင့် တစ်ဦးချင်း၏ စီးပွားရေးကျင့်ဝတ်ကောင်းမွန်မှုနှင့် အပြန်အလှန်ဆက်စပ်နေကြောင်းတွေ့ရှိရပါတယ်။ ကုန်သည်လုပ်ငန်းရှင်ကြီးတစ်ဦးရဲ့ ပြောပြချက်အရ သူကကောင်းကောင်းမွန်မွန်လမ်းကြောင်းမှန်အတိုင်း လုပ်ပေမယ့် တရားမဝင်မှောင်ခိုလုပ်ကိုင်သူကြောင့် ဈေးကွက်မှာမယှဉ်နိုင်တော့ဘဲ စီးပွားပျက်မှာကြောက်တာကြောင့် သူလည်းလမ်းကြောင်းမှန်တစ်ဝက်၊ မှောင်ခိုတစ်ဝက်လုပ်ကိုင်ရကြောင်းရှင်းပြပါတယ်။ ဒါကြောင့်လူနည်းစုမမှန်မကန်ပြုလုပ်မှုကို ဒီအတိုင်းထားရင် ကြာလာတဲ့အခါ လူများစုတစ်ခုလုံးပါသွားပြီး National Character ထိခိုက်လာမှာကိုလည်း အလေးထားစဥ်းစားရန်လိုအပ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ အများလုပ်၍လိုက်လုပ်သည့်အနေအထားမဟုတ်ဘဲ စီးပွားရေးပတ်ဝန်းကျင် Business Environment နှင့် စီးပွားရေးကျင့်ဝတ်များ Business Ethic များကိုထိန်းကျောင်းကာ ဥပဒေလိုက်နာခြင်း၊ စီးပွားရေးကျင့်ဝတ်များစောင့်ထိန်းခြင်းနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ လူမှုတာဝန်ယူခြင်း၊ Corporate Social Responsibility တို့ကို ကျင့်သုံးဆောင်ရွက်သွားကြမည်ဆိုလျှင် ဦးခင်မောင်ဝင်း မေးမြန်းအကြံပြုသကဲ့သို့ နှစ်ကန့်သတ်ချက်သည် ရှေးယခင်က ကန့်သတ်ခဲ့မှာမဟုတ်ဘဲ ဦးကျော်တင်ရွှေ မေးမြန်းချက်မှာပါတဲ့ ကိစ္စရပ်နဲ့ မမှန်မကန်လုပ်ရပ်အချို့ကြောင့် နှစ်ကန့်သတ်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ နိဂုံးချုပ်တင်ပြရရင် လမ်းမတော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မေးမြန်းချက်အရ သက်တမ်းနှစ်နှစ်မှ ငါးနှစ်သာမက ရင်းနှီးမြှုပ်နှံသူအတွက် ရင်းနှီးမြှုပ်နှံမှုနှစ်ကာလအတိုင်း ခွင့်ပြုသင့်သကဲ့သို့ မိုင်းရှူးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရွှေ မေးမြန်းတင်ပြချက်ပါ စီးပွားရေးဝန်းကျင်လောကမှာ လက်ဝါးကြီးအုပ်ချယ်လှယ်မှုနှင့် မမှန်မကန်လုပ်ရပ်များသည် အမှန်တစ်ကယ်ဖြစ်ပေါ်နေမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူသင့်တာကို စီစစ်အရေးယူသွားသင့်တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်နှစ်ခုလုံးကို အစိုးရအဖွဲ့သို့တင်ပြပြီး ပြင်ဆင်ဆောင်ရွက်သွားနိုင်ရေး စီစဥ်သွားမှာဖြစ်ပါတယ်။ ဒီနေ့ အစိုးရဌာနများနဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများအကြား ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့မှုမရှိခဲ့သည့် ပြဿနာရပ်များကို ဆန်းစစ်သုံးသပ်ပါက ရာခိုင်နှုန်းအတော်များများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စီမံခန့်ခွဲမှုပြဿနာများဖြစ်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်သမ္မတကြီးကလည်း Micro Economy, Macro Economy နှစ်ခုစလုံးကို ပြုပြင်ပြောင်းလဲသင့်တာတွေကို ဥပဒေပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများနဲ့ ညှိနှိုင်းဆဲကာကဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေးနှင့် ရေရှည်တည်တံ့သည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် ယခုကဲ့သို့ ခေတ်ပြောင်း၊ စနစ်ပြောင်းကာလတွင် အစိုးရဌာနများ၏ ရုံးလုပ်ငန်းစီမံခန့်ခွဲမှု ပြောင်းလဲခြင်း Office Management Change၊ စီမံခန့်ခွဲမှုစနစ်ပြောင်းလဲခြင်း System Management Change နှင့် ပုဂ္ဂလိကကုန်သည်လုပ်ငန်းရှင်အသိုင်းအဝိုင်း၏ ကောင်းမွန်သော စီးပွားရေးဝန်းကျင်ပြောင်းလဲခြင်း Business Environment Change၊ စီးပွားရေးကျင့်ဝတ် ပြောင်းလဲခြင်း Bussiness Ethics Change တို့ကို အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း၍ Public Private Partnership ဖြင့်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားတင်ပြအပ် ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါက်တာကံဇော် အသေးစိတ်ရှင်းလင်းဖြေကြား သွားတဲ့နေရာမှာ ဦးကျော်တင်ရွှေ၊ မိုင်းရှူးမဲဆန္ဒနယ်အမေးကိုပါ တစ်ပါတည်းဖြေကြားသွားပြီး ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌဆီတက်ရောက်လာတဲ့မေးခွန်း များကိုစိစစ်ပြီးတဲ့အခါမှာ ဝန်ကြီးဌာနနဲ့ အစိုးရအဖွဲ့များကို ပေးပို့ပါတယ်။ ပေးပို့တဲ့အခါမှာ အစိုးရ အဖွဲ့က ဖြေဆိုဖို့အသင့်ဖြစ်ပါပြီဆိုတဲ့အခါမှာ Agenda အစီအစဉ်ဆွဲပြီးတော့ ပို့ထားတဲ့ကိစ္စဖြစ်တဲ့ အတွက် ဒီမေးခွန်းတွေဟာ သက်ဆိုင်ရာဝန်ကြီးဌာနကို ရောက်ပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့ တစ်ပေါင်းတစ်စည်းတည်း ဖြေသွားတာဖြစ်ပါတယ်။ သို့ရာတွင် တီဗွီထဲမှာလည်းပါရအောင်ပေါ့လေ။ ဦးကျော်တင်ရွှေအား မေးမြန်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးကျော်တင်ရွှေ(မိုင်းရှူးမဲဆန္ဒနယ်)**။ ။ဟုတ်ကဲ့ခင်ဗျား။ ကျွန်တော်မေးမယ့်မေးခွန်းမှာ ကျွန်တော့်တို့ ဒုတိယဝန်ကြီးက ပြည့်ပြည့်စုံစုံနဲ့ ဖြေဆိုသွားပြီးဖြစ်တဲ့အတွက်ကြောင့် ကျေးဇူးတင်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကျွန်တော်တို့ ခေတ္တနာရီဝက်တန်းဖြုတ်တုန်းက ပညာရေးဝန်ကြီးဆီကနဲ့ ဦးမောင်မောင်ဆွေတို့လည်းညှိထားပါတယ်။ ဦးမောင်မောင်ဆွေအဆိုကို ဒီနေ့တစ်ရက်တည်း ပြီးပြတ်အောင်ဆောင်ရွက်မှသာလျှင် နောက်ရက်တွေအဆင်ပြေမယ်လို့ ကျွန်တော်တို့ ညှိခဲ့တယ်။ သို့ရာတွင်အချိန်ကလည်း ၁၂ နာရီကခဲ့နေပြီ။ တကယ်လို့များ ပညာရေးဝန်ကြီး၊ ဆရာကြီးအနေနဲ့

တနင်္လာနေ့မှာဒီမှာရှိတယ်။ အချိန်ပေးနိုင်တယ်ဆိုရင်တော့ ဒီနေ့အစီအစဉ် ဒီမှာ ကျွန်တော်ရပ်လိုက်ချင်ပါတယ်။ ဆရာကြီးရဲ့ သဘောထားလေးသိချင်ပါတယ်။

**ဒေါက်တာမြဲအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ညကို ကျွန်တော်ရန်ကုန် ဆင်းရမှာပါခင်ဗျား။ ကျွန်တော် UNESCO ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ဖြတ်လိုက်ပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ကဲဒီနေ့ဖြတ်ပါမယ်။ ဒီနေ့ကလည်း သောကြာနေ့။ ဒေါက်တာစံလှိုင်၊ တောင်ကုတ်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံလှိုင်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် ပြည်ထောင်စုဝန်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစံလှိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်တောင်ပိုင်း၊ တောင်ကုတ်မြို့တွင် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် သို့မဟုတ် ဒေသကောလိပ်တစ်ခုအား ဖွင့်လှစ်ပေးနိုင်ရေး နဲ့ပတ်သက်ပြီး မေးခွန်းမေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်မှာ ရခိုင်ပြည်နယ်၊ မာန်အောင် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်က ရခိုင်ပြည်နယ်တောင်ပိုင်းတွင် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် သို့မဟုတ် ဒေသကောလိပ်တစ်ခုအား ဖွင့်လှစ်ပေးနိုင်ခြင်းရှိမရှိ မေးမြန်းခဲ့ပါတယ်။ နောက်ပြီး နိုင်ငံတော်သမ္မတကြီးအနေနဲ့ တောင်ကုတ်မြို့ခရီးစဉ်မှာ မြို့မိမြို့ဖများကလည်း တင်ပြခဲ့ကြပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် စိတ်ဝင်စားစွာ နားထောင်ခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်ခဲ့တဲ့အတွက်ကြောင့် သမ္မတကြီးအား ကျေးဇူးဥပကာရတင်ရှိပါကြောင်းတင်ပြလိုပါတယ်။ ဒါဟာ ရခိုင်ပြည်နယ်တောင်ပိုင်းနေထိုင်ကြတဲ့ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက် ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ပြည်နယ်တစ်ခုလုံးမှာ ရခိုင်ပြည်နယ်မြို့တော်ဖြစ်တဲ့ စစ်တွေမြို့မှာ တစ်ခုတည်းသော ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ရှိပါတယ်။ ပြည်နယ်မြို့တော်နဲ့ဆက်သွယ်သွားလာရာတွင် ရေလမ်းခရီးကိုသာ အဓိကအားထားနေရပါတယ်။ စစ်တွေသို့ တောင်ကုတ်မှ ၂၂၄ မိုင်၊ ဂွ မှ ၃၂၇ မိုင်၊ မာန်အောင်မှ ၂၇၂ မိုင် ဝေးကွာပြီး ခရီးစရိတ်ကြီးလွန်းလှပါတယ်။ ၎င်းအပြင် လူနေမှုစရိတ်ကြီးမား သောစစ်တွေမြို့တွင် အိမ်ငှားစရိတ်ကြီးလေးခြင်း၊ စားသောက်စရိတ်ကြီးမားခြင်းတို့ကြောင့် နေ့ကျောင်းသားတစ်ဦးလျှင် တစ်လလျှင်တစ်သိန်းကျော်ခန့်ကုန်ကျပြီး၊ အဝေးသင်ကျောင်းသူ၊

ကျောင်းသားများ တစ်ကြိမ်သွားလျှင် သုံးသိန်းအထက်မှာကုန်ကျကြောင်း သိရှိရပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်တောင်ပိုင်း၊ တောင်ကုတ်မြို့မှ ဂွမြို့သို့ ၁၂၇ မိုင်၊ ကားလမ်းဖြင့်လည်းကောင်း၊ သံတွဲမြို့သို့ ၄၄ မိုင် ကားလမ်းဖြင့်လည်းကောင်း၊ မာန်အောင်မြို့သို့ ၄၈ မိုင်ရေလမ်းဖြင့်လည်းကောင်း၊ ရမ်းဗြဲမြို့သို့မိုင် ၅၀ ကားလမ်း၊ ရေလမ်းတို့ဖြင့်လည်းကောင်း၊ ကျောက်ဖြူမြို့သို့ မိုင် ၁၁၇ မိုင် ကားလမ်း၊ ရေလမ်းတို့ဖြင့်လည်းကောင်း၊ အမ်းသို့ ၈၉ မိုင် ကားလမ်းဖြင့်လည်းကောင်း ခရီးသွားလာမှုလွယ်ကူချောမွေ့ပြီး စရိတ်စကလည်းသက်သာပါတယ်။ နေထိုင်စားသောက်စရိတ်လည်း စစ်တွေမြို့နဲ့စာလျှင် ဈေးနှုန်းသက်သာတဲ့အတွက်ကြောင့် ကျောင်းသူ ကျောင်းသားများအဖို့ စစ်တွေမြို့မှ ကုန်ကျစရိတ်ရဲ့ ထက်ဝက်ခန့်သာကုန်ကျမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်တောင်ပိုင်းတွင် ခရိုင်နှစ်ခုရှိပြီး၊ မြို့နယ် ခုနှစ်မြို့နယ်ရှိပါတယ်။ ကျောက်ဖြူခရိုင်အတွင်းမှာ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မာန်အောင်၊ အမ်းမြို့နယ်များနှင့် ရပ်ကွက်နဲ့ကျေးရွာအုပ်စု ၁၉၅ ခုရှိပါတယ်။ လူဦးရေအားဖြင့် ၄၁၆၉၂၁ ဦး ရှိပါတယ်။ သံတွဲခရိုင် အတွင်းမှာ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်များရှိပြီး၊ ရပ်ကွက်ကျေးရွာအုပ်စု ၁၇၀ လူဦးရေအားဖြင့် ၃၉၉၀၃၇ ဦးရှိပါတယ်။ ခရိုင်နှစ်ခုပေါင်း၊ ကျေးရွာ၊ ရပ်ကွက်အုပ်စုပေါင်း ၃၆၅ခု ရှိပြီး လူဦးရေအား ဖြင့် ၇၂၆၈၅၈ ဦးဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်တောင်ပိုင်း အတွင်း တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု အခြေအနေကို တင်ပြလိုပါတယ်။ ၂၀၀၉ ခုနှစ်တွင် သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင်တွင် အောင်မြင်သူ ၂၁၀၃ ဦးရှိပါတယ်။ ၂၀၁၀ ခုနှစ်တွင် ၂၈၂၉ ဦးရှိပါ တယ်။ ၂၀၁၁ ခုနှစ်တွင် ၂၄၇၀ ဦးရှိကြောင်းတင်ပြပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကုတ်မြို့ဟာ ပြည်မနဲ့ ရခိုင်ပြည်နယ်တို့၏ ဝင်ပေါက်၊ထွက်ပေါက် လမ်းဆုံဖြစ်ပါတယ်။ စီးပွားရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း၊ လုံခြုံရေးအရလည်းကောင်း၊ လမ်းပန်း ဆက်သွယ်ရေးအရလည်းကောင်း အထူးကောင်းမွန်သောဒေသတစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းမြို့များသို့လည်း ဖြတ်သန်းသွားလာရာတွင် ဗဟိုအချက်အခြာကျသော ဒေသလည်းဖြစ်ပါတယ်။ အကယ်၍သာ ရခိုင်ပြည်နယ်တောင်ပိုင်းအတွက် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် သို့မဟုတ် ဒေသကောလိပ်ဖွင့်လှစ်မည်ဆိုပါ ကတောင်ကုတ်ဒေသဖွံ့ဖြိုးရေးကော်မတီမှ ကျောင်း ဆောက်လုပ်ရန်အတွက်မြေဧက ၂၀၀ လှူဒါန်းမည်ဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။ ဒါကြောင့် မို့လို့ ရခိုင်ပြည်နယ်တောင်ပိုင်းမဲဆန္ဒရှင် ခုနှစ်သိန်းကျော်၏ အကျိုး၊ နိုင်ငံ့အကျိုးကိုသယ်ပိုးနိုင်မည့် အရည်အချင်းပြည့်ဝသော လူသားအရင်း အမြစ်များပေါ်ထွက်လာရေးအတွက် မဖြစ်မနေဖွင့်လှစ် သင့်တဲ့ ရခိုင်ပြည်နယ်တောင်ပိုင်း၊ တောင်ကုတ်မြို့တွင် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် သို့မဟုတ် ဒေသ

ကောလိပ်တစ်ခုအား ဖွင့်လှစ်ရန်အစီအစဉ်ရှိမရှိသိရှိလိုပါတယ်။ အကယ်၍ ဖွင့်လှစ်မည်ဆိုပါက မည်သည့်ကာလတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မေးမြန်းရင်းနိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစောဘသိန်း၊ သထုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းက သထုံမြို့နယ်၊ လိပ်အင်းရပ်ကွက် အတွင်းမှာရှိတဲ့ စိန်ကုန်းအမကကျောင်းနဲ့ ကျောင်းကုန်းအမကကျောင်း မြေနေရာကိစ္စများကိုသိရှိလို ကြောင်းမေးမြန်းဖို့ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သထုံမြို့၊ လိပ်အင်းရပ်ကွက် မှာရှိတဲ့ စိန်ကုန်းအမကကို နိုင်ငံတော်အစိုးရက ၁၉၆၅ ခုနှစ်မှာ ဖွင့်လှစ်ခွင့်ပေးခဲ့တဲ့အတွက် ပြည်သူ လူထုမှစုပေါင်းတည်ထောင်တည်ဆောက်ခဲ့ကြပါတယ်။ တည်ဆောက်စဉ်ကာလက ကျောင်းမြေနေရာ မရှိတဲ့အတွက် စည်ပင်သာယာပိုင်မြေ အရပ်အခေါ် န္တားတောင်ဝင်းအတွင်း၌ တည်ဆောက်ခဲ့ရပါ တယ်။ ၎င်းမြေနေရာဟာဆိုရင် ယခင်က စည်းကမ်းမဲ့မွေးမြူထားတဲ့တိရစ္ဆာန်များအား ဖမ်းဆီး အရေးယူခဲ့တဲ့မြေအဖြစ် အသုံးပြုခဲ့ပါတယ်။ ယခု၎င်းနေရာကို အသုံးမပြုခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါမှာ ကျောင်းသားဦးရေများပြားလာသည်နှင့်အမျှ ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ခြင်း ကျောင်းဝင်းလုံခြုံရေးအတွက် ပြုလုပ်လိုသော အခိုင်အမာကာရံလိုခြင်း အတွက်ကျောင်းသားမိဘများနဲ့ အကျိုးဆောင်များက ပြုလုပ်လိုသော်လည်း မြေနေရာပိုင်ဆိုင်မှု မရှိတဲ့အတွက်ကြောင့်မို့လို့ မပိုင်ဝက်မွေးအဖြစ် မလုပ်ဝံ့ဘဲ ဖြစ်နေရပါတယ်။ နှစ်ကာလကြာရှည်စွာ အသုံးမပြုဘဲထားခဲ့တဲ့ မြေနေရာ၌အသုံးချပြီး အများပြည်သူရင် သွေးကျောင်းသား၊ ကျောင်းသူများ အတွက်အသုံးကျနေပြီဖြစ်တဲ့ စိန်ကုန်းအမကကျောင်းမြေကို သက်ဆိုင်ရာဌာနမှ လွှဲပြောင်းပေးလို့ရ၊ မရသိရှိလိုပါတယ်။ တစ်ဆက်တည်းမှာပဲ အလားတူ သထုံမြို့၊ လိပ်အင်းရပ်ကွက် ကျောင်းကုန်း အမကနှင့်ဆက်စပ်လျက် စည်ပင်သာယာပိုင်မြေ ခန့်မှန်းတစ်ဧကခန့်သာ ယခင်က ဝက်သားသတ် လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ မြို့နယ်သမဝါယမ အသင်းကနေပြီးတော့ သားသတ်လိုင်စင်အား လွှဲပြောင်းလုပ်ကိုင်ခဲ့ပြီး ၎င်းသားသတ်လိုင်စင်ဟာဆို ရင်ရပ်ကွက်အတွင်းမှာ ဖြစ်နေတဲ့အတွက်ကြောင့် ဘာသာရေးကိစ္စများကို အနှောင့်အယှက်ဖြစ်တဲ့ အတွက် သထုံမြို့ပြင်ဘက်သို့ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါတယ်။ ယနေ့အထိ ထိုမြေနေရာ ဒေသအခေါ်

ဝက်ထောင်မြေအား မည်သည့်အသုံးချမှုမှမပြုလုပ်ဘဲ အလဟဿဖြစ်နေပါတယ်။ ကျောင်းကုန်း အမက ကျောင်းဆောင်များနဲ့ မြေကွက်လပ်မှာကွက်တိဖြစ်နေတဲ့အတွက် ကျောင်းသားဦးရေများပြား လာသည့်အတွက် အခက်အခဲတွေကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ စည်ပင်သာယာပိုင် ဝက်ထောင်မြေအား အသုံးမချဘဲ ကာလကြာရှည်စွာ ပစ်ထားမယ့်အစား အသုံးကျရန် အသုံးချမယ့် အမှန်တကယ် လိုအပ်နေတဲ့ ကျောင်းကုန်းအမကကျောင်းမြေအဖြစ် လွှဲပြောင်းပေးရန်ရှိမရှိ။ လွှဲပြောင်းပေးနိုင်ပါက မည်သည့်ကာလတွင် လွှဲပြောင်းပေးမည့်အကြောင်း၊ မပေးနိုင်ပါက အဘယ် ကြောင့်မပေးနိုင်သည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးတင်ဝင်း၊ ကောလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း(ကောလင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနဲ့ ပတ်သက်ပြီးတော့မှ သိရှိလိုတဲ့အတွက်မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကနေ့အချိန်အခါ ဟာမူလတန်းပညာကို အခမဲ့မသင်မနေရ ပြဋ္ဌာန်းဆောင်ရွက်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို မူလတန်းပညာကို အခမဲ့မသင်မနေရဆောင်ရွက်နေတဲ့အချိန်မှာ ကလေးသူငယ်များ မူလတန်းပညာ တတ်မြောက်ဖို့အတွက် အခြေခံပညာမူလတန်းကျောင်းမရှိတဲ့ ကျေးရွာတွေမှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဖွင့်လှစ်ပြီး သင်ကြားလျက်ရှိကြပါတယ်။ အခြေခံပညာမူလတန်းကျောင်း ရှိပေမယ့်လည်း ဆင်းရဲချို့တဲ့တဲ့ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားလျက်ရှိကြပါတယ်။ သင်ကြားတဲ့နေရာမှာလည်း ပဲမူလတန်းပညာအဆင့်သာမက မူလွန်ကျောင်းအဆင့်ထိ ဖွင့်လှစ်ပြီး သင်ကြားလျက်ရှိတာကိုတွေ့ရှိ ရပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သော ဘုန်းတော်ကြီးသင် ပညာရေးကျောင်း တွေမှာကျောင်းသားဦးရေဟာ ၁၀၀ ကျော်အထိ သင်ကြားပို့ချလျက်ရှိတာကို တွေ့ရှိရပါတယ်။ ကျောင်းသားဦးရေများပြားတဲ့အတွက် ဥပဓိရုပ်ကောင်းတဲ့ ကျောင်းဆောင်များရှိသော်လည်း ဆရာ၊ ဆရာမများကို ထောက်ပံ့မှုပေးပြီးသင်ကြားနေကြရတာကိုလည်း တွေ့ရှိရပါတယ်။ ဆင်းရဲချို့တဲ့တဲ့ ကလေးများဖြစ်လို့ ဗလာစာအုပ်၊ ခဲတံ၊ ပေတံစတဲ့ စာရေးကိရိယာများထောက်ပံ့ပေးတဲ့အပြင် စာသင်ခုံပရိဘောဂများကိုလည်း ဒကာ၊ ဒကာမများအကူအညီနဲ့ အလှူခံပြီး ကလေးသူငယ်များ

ပညာတတ်မြောက်ရေးကို အလေးထားသင်ကြားပေးနေကြတာကို လေ့လာတွေ့ရှိရပါတယ်။ အခု ကျင်းပနေတဲ့ ပထမကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ စနေ၊ တနင်္ဂနွေနားရက်မှာ ကျွန်တော်တို့ ကသာခရိုင်မှ လွှတ်တော်ကိုယ်စားလှယ်တွေ သပြေကုန်းဈေးရောက်စဥ်မှာ ကားတစ်စီး ပေါ်မှာ အသံချဲ့စက်တင် ဆော်သြပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသူ၊ ကျောင်းသား များအား ထောက်ပံ့ဖို့အလှူခံနေတဲ့ အလှူခံတဲ့အဖွဲ့တွေနဲ့ တွေ့ရှိနေတဲ့အတွက် အလှူငွေများထည့်ဝင် သမှုပြုခဲ့ကြပါသေးတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကနေ့အချိန် အခါမှာ အချို့သော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဟာ ပညာသင်နှစ်ကြာလာတာနဲ့အမျှ စာရေးကိရိယာ၊ ပရိဘောဂ စာသင်ခုံနဲ့ ထောက်ပံ့ပေးရတဲ့ ဆရာ၊ ဆရာမများအတွက် အခက်အခဲများ တွေ့ကြုံနေရခြင်း ပညာရေးဌာနကလေ့ကျင့် ပေးထားတဲ့ ဆရာ၊ဆရာမများနဲ့ မိမိရဲ့သားတပည့်တွေကို သင်ယူစေလိုခြင်းတို့ကြောင့် ပညာရေးဌာနကို လွှဲအပ်ပေးဖို့ဆန္ဒရှိကြပါတယ်။ အကယ်၍ လွှဲအပ်ပေး မယ်ဆိုရင် လက်ရှိသင်ကြားနေတဲ့ ကျောင်းအဆင့် နဲ့ လက်ခံနိုင်မယ့် အစီအစဥ်ရှိမရှိ သိရှိလိုပါတယ်။ လက်ခံနိုင်မယ့်အစီအစဥ်မရှိဘူးဆိုပါက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဆက်လက်ရပ် တည်နိုင်ဖို့အတွက် ကျောင်းသားအရေအတွက်ပေါ်မူတည်ပြီး ထောက်ပံ့မှုများပေးနိုင်မယ့် အစီအစဥ် ရှိမရှိသိရှိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။မေးမြန်းထားတဲ့ မေးခွန်းများအား ပညာရေးဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ပဏာမအနေနဲ့နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြအေးဖြစ်ပါတယ်။ ကျွန်တော့်အနေ နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး သုံးဦးရဲ့မေးခွန်းများကို တစ်ဆက်တည်း ဆက်လက်ဖြေကြား မှာဖြစ်ပါတယ်။ ပထမဆုံးမေးခွန်းကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစံလှိုင်ရဲ့ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းဖြစ်ပါတယ်။ ဒေါက်တာစံလှိုင်ရဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်တောင်ပိုင်းတက္ကသိုလ်အား တောင်ကုတ်မြို့တွင် ဖွင့်လှစ်ပေးရန် အစီအစဥ်ရှိမရှိဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ အဲဒီမေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားရ မယ်ဆိုရင်တော့ ပညာရေးဌာနအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည် စီမံကိန်းအဆင့်မြင့်ပညာကဏ္ဍတွင် လုပ်ငန်းစဥ် ၃၆ ခုကို ချမှတ်ရေးဆွဲအကောင်အထည်ဖော်ဆောင်

ရွက်ခဲ့ရာလုပ်ငန်းစဥ် ၁၂ အရဒေသအလိုက် အဆင့်မြင့်ပညာသင်ကြားမှုအခွင့်အလမ်း တိုးတက်မြင့်မားရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ အသစ်ဖွင့်လှစ်ခြင်းနှင့် ဖွင့်လှစ်ထားသည့် ဒီဂရီကောလိပ်နှင့်ကောလိပ်များ အဆင့်တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တွေတက္ကသိုလ်ကိုလည်း တည်ဆောက်ဖွင့်လှစ်ထားရှိရာ နေ့သင်တန်းကျောင်းသား ၄၅၉၆ ဦးနှင့် အဝေးသင်ကျောင်းသား၊ ကျောင်းသူများ ၁၀၃၂၅ ဦး စုစုပေါင်း ၁၄၉၂၁ ဦးရှိပါတယ်။

ရခိုင်ပြည်နယ်တောင်ပိုင်းရှိ ကျောက်ဖြူ၊ ဂွ၊ တောင်ကုတ်၊ အမ်း၊ ရမ်းဗြဲ၊ သံတွဲနှင့် မာန်အောင်မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများသည် စစ်တွေတက္ကသိုလ်သို့သွားရောက်ပညာသင်ယူရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုရှိခဲ့ပါတယ်။ အဆိုပါ မြို့နယ်များရှိ ၂၀၁၁ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူ ၂၄၇၅ ဦးရှိပါတယ်။ အဆိုပါမြို့နယ်များအနက် တောင်ကုတ်မြို့သည် မြန်မာနိုင်ငံအလယ်ပိုင်းမှ ရခိုင်ပြည်နယ်သို့ ဝင်ရောက်သည့်လမ်းဆုံမြို့ဖြစ်ပါတယ်။ တောင်ကုတ်မြို့တွင် ကောလိပ်တစ်ခုတည်ထောင်ပါက ကျောင်းတက်နိုင်မည့် ကျောင်းသားဦးရေများပြားလာမည် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တွင် စစ်တွေတက္ကသိုလ်အပြင် ကျောင်းသား၊ ကျောင်းသူများအတွက် တောင်ကုတ်မြို့၌ ကောလိပ်ဖွင့်လှစ်ပေးရန်ကိစ္စနှင့်စပ်လျဥ်း၍ တက္ကသိုလ် သို့မဟုတ် ကောလိပ် တစ်ခုတည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက် အနည်းဆုံးမြေ ၂၀၀ မှ ၃၀၀ ဧကခန့်လိုမှာဖြစ်ပါတယ်။ သင့်တင့်ကောင်းမွန်သည့် မြေနေရာရှိပါက ကောလိပ်တည်ထောင်ရန်အတွက် နိုင်ငံတော်မှ ငွေအမြောက်အမြားလိုအပ်သဖြင့် စေတနာအလှောက်လှူဒါန်းမည့် အလှူရှင်ရှိလျှင် ဖြစ်နိုင်သည့်အခြေအနေရှိပါသည်။ မြေနေရာနှင့်အဆောက်အဦရှိပြီး ပညာသင်ယူရန် တက်ရောက်လာမည့် ကျောင်းသားဦးရေ အင်အားပြည့်စုံမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့အပေါ်မူတည်၍ ကောလိပ်တစ်ခုတည်ထောင်ဖွင့်လှစ်နိုင်မည် ဖြစ်ပါတယ်။ သို့ပါ၍ တောင်ကုတ်မြို့တွင် ကောလိပ်အသစ်တစ်ခုတည်ထောင်ရန် စဥ်းစားဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

နောက်မေးခွန်းကတော့ ဒုတိယမေးခွန်းကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းရဲ့ ပညာရေးဆိုင်ရာမေးခွန်းဖြစ်ပါတယ်။ မေးမြန်းချက်ကတော့ သထုံမြို့၊ လိပ်အင်းရပ်ကွက်အတွင်းရှိ စိန်ကုန်းအခြေခံမူလတန်းကျောင်းနှင့် ကျောင်းကုန်းအခြေခံမူလတန်းကျောင်းမြေယာကိစ္စဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ လိပ်အင်းရပ်ကွက်အတွင်းမှာရှိသော စိန်ကုန်းအခြေခံပညာမူလတန်း

ကျောင်း၏ကျောင်းမြေအဖြစ် သတ်မှတ်သည့်ဧရိယာ ၁.၆၈ ဧကသည် သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဦးပိုင်အမှတ် ၁၁၅/၃.၃၈၁ ဧကရှိ မြေပေါ်တွင် ၁၉၆၅ ခုနှစ်မှစတင်၍ အခြေခံပညာကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ မြို့နယ်မြေစာရင်းဦးစီးဌာနမှ စည်ပင်မြေမှ ထုတ်နုတ်ရန်အတွက် ရေးကူးထားသောပုံစံ ၁၀၅ သာရှိပြီး ကျောင်းပိုင်မြေအဖြစ် အမည်ပေါက်ခြင်း မရှိသေးပါ။ စိန်ကုန်းအခြေခံပညာမူလတန်းကျောင်းအား ကျောင်းဝင်းအုတ်တံတိုင်းကာရံနိုင်ရန်အတွက် သထုံမြို့၊ မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ညှိနှိုင်းဆောင်ရွက်ခဲ့ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်ကြားထားပါတယ်။ သို့ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆက်လက် ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ နောက်တစ်ခုက သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ ကျောင်းကုန်းအခြေခံပညာမူလတန်းကျောင်းမြေသည် ကျောင်းပိုင်မြေဖြစ်ပြီး ဝ.၁၈၉ ဧကကျယ်ဝန်း၍ မြေပိုင်ဆိုင်ကြောင်း ပုံစံ ၁၀၅ လည်း ရရှိထားပြီးဖြစ်ပါတယ်။ ယခုအချိန်တွင် ကျောင်းသားဦးရေ များပြားလာသည့်အတွက် ကျောင်းမြေ၏ အနောက်ဘက်လမ်းတစ်ဘက်ခြမ်းရှိ ယခင်အရပ်ခေါ် ဝက်ထောင်မြေကွက်အား ကျောင်းပိုင်မြေအဖြစ်ရရှိရေးကိုလည်း လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။(သြဘာသံများ)

တတိယမေးခွန်းကတော့ စစ်ကိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၏ ပညာရေးကဏ္ဍဆိုင်ရာမေးမြန်းချက်ဖြစ်ပါတယ်။ မေးမြန်းချက်ကတော့ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများတွင် သင်ယူနေသည့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်သို့ လွှဲအပ်ပေးပါက လက်ခံနိုင်မည့်အစီအစဉ်ရှိ၊မရှိနှင့် လက်ခံနိုင်ခြင်း မရှိပါက အဆိုပါဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ဖြေကြားရမယ်ဆိုရင်တော့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖွင့်လှစ်ရေးကိစ္စများကို သာသနာရေးဝန်ကြီးဌာနက စိစစ်ဆောင်ရွက်လျက်ရှိပြီး ပညာရေးဌာနက အဆိုပါကျောင်းများသို့ တက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူမှုနှင့် ပညာရည်စစ်ဆေးတိုင်းတာမှုလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ရန် အနီးဆုံးအဆင့်တူအခြေခံပညာကျောင်း သို့မဟုတ် တစ်ဆင့်မြင့်အခြေခံပညာကျောင်းများအား ပင်မကျောင်းအဖြစ် သတ်မှတ်တာဝန်ပေးအပ်ထားပါတယ်။ နံပါတ်(၂)အနေနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် အဆိုပါအခြေခံပညာကျောင်း၏ သင်ကြားရေးတွဲဖက်ကျောင်းဖြစ်သဖြင့် အတန်းစဉ်အလိုက် ရက်သတ္တပတ်သင်ချိန်ဇယားရေးဆွဲ သတ်မှတ်ပေးခြင်း၊ လအလိုက်

သင်ကြားရမည့် လပိုင်းမာတိကာများ သတ်မှတ်ပေးခြင်း၊ သင်ကြားသင်ယူမှုလုပ်ငန်းများကို အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်း၊ အခန်းဆုံးစစ်ဆေးမှု၊ နှစ်ဝက် ဆုံးစစ်ဆေးမှုများအတွက် ပင်မကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဘာသာပြဆရာ၊ ဆရာမများက မေးခွန်းပြုစုပေးခြင်း၊ အဖြေလွှာစစ်ဆေးခြင်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ နံပါတ်(၃)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူတစ်ဦးသည် သက်ဆိုင်ရာအတန်း တစ်တန်းအတွက် ပညာသင်ယူမှုပြီးမြောက်ချိန်တွင်ဖြစ်စေ၊ ပညာသင်နှစ်မကုန်ဆုံးမီဖြစ်စေ၊ ပင်မကျောင်းသို့ ပြောင်းရွှေ့တက်ရောက်လိုပါက သတ်မှတ်ပေးထားသည့် ကျောင်းထွက်လက်မှတ် Transfer Certificate တွင်ဖြည့်စွက်ပြုစုပေး၍ လွှဲပြောင်းပေးနိုင်ပါတယ်။ နံပါတ်(၄)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် အခြေခံပညာကျောင်းများ၏ သင်ကြားရေးလုပ်ငန်းများကို မျှဝေတာဝန်ယူသည့်အနေဖြင့် ပညာသင်ယူရန်အခက်အခဲရှိသည့် ဒေသခံကလေးငယ်များအား ပညာသင်ယူခွင့်ရရှိနိုင်ရန် စီစဥ်ဖွင့်လှစ်ပေးသည့် ပရဟိတလုပ်ငန်းတစ်ရပ်အဖြစ် ကူညီဆောင်ရွက် ပေးခြင်းဖြစ်ပါတယ်။ လက်ရှိပညာသင်ယူနေသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ပညာရေးဝန်ကြီးဌာနက လွှဲပြောင်းလက်ခံယူရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ နံပါတ်(၅)သို့ပါ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အခြေခံပညာကျောင်းများသို့ ပြောင်းရွှေ့တက်ရောက်လိုသည့် ကျောင်းသား၊ ကျောင်းသူများအား အခြေခံပညာကျောင်းများမှ အတန်းစဥ်မပျက် လက်ခံသင်ကြားပေးနိုင်ပါကြောင်းနှင့် အဆိုပါကျောင်းများအား အခြေခံပညာကျောင်းအဖြစ် သတ်မှတ်ပေးရန် အစီအစဥ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးမောင်မောင်ဆွေ၊ နမ့်ဆန်မဲဆန္ဒနယ်မှ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ဆွေ(နမ့်ဆန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပြီး နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့အကျိုးစီးပွားကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ နမ့်ဆန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မြန်မာနိုင်ငံရဲ့ IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရနယ်ပယ်တွင် IT ကိုကျယ်ပြန့်စွာအသုံးပြုနိုင်ရေးအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ အချိန်ကိုငဲ့ညာသောအားဖြင့် ကျွန်တော့်အဆိုကို အကျဉ်းချုပ်သာလျှင်တင်ပြမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်

ပတ်သက်ဆက်စပ်နေသည်ဖြစ်၍ IT လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရနယ်ပယ်တွင် IT ကိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးမှာ လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြအတိုင်း အဆိုပြုချက်နှစ်ရပ်ကို အလေးထားပြီး တင်သွင်းအပ်ပါတယ်။ (၁) အခြေခံပညာအလယ်တန်းအဆင့်မှစတင်၍ သင်ရိုးညွှန်းတမ်းများတွင် ကွန်ပျူတာဆိုင်ရာဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးနိုင်ရေး၊ (၂) အစိုးရအဖွဲ့အစည်း၊ ရုံးဌာနနယ်ပယ်များတွင် IT နှင့်ပတ်သက်၍ ထိုက်သင့်သောအဖွဲ့အစည်းများဖွဲ့စည်း၍ ရန်ပုံငွေဘတ်ဂျက် ခွဲဝေသတ်မှတ်သုံးစွဲရေးတို့ပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အလယ်ပိုင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ နမ့်ဆန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ တင်သွင်းသွားသော မြန်မာနိုင်ငံရဲ့ IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရနယ်ပယ်တွင် IT ကို ကျယ်ပြန့်စွာအသုံးပြုနိုင်ရေးအတွက် (၁) အခြေခံပညာအလယ်တန်းအဆင့်မှစတင်၍ သင်ရိုးညွှန်းတမ်းများတွင် ကွန်ပျူတာဆိုင်ရာဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးနိုင်ရေး၊ (၂)အစိုးရအဖွဲ့အစည်း၊ ရုံးဌာနနယ်ပယ်များတွင် IT နှင့်ပတ်သက်၍ ထိုက်သင့်သော အဖွဲ့အစည်းများဖွဲ့စည်း၍ ရန်ပုံငွေခွဲဝေသတ်မှတ်သုံးစွဲရေးအဆိုကို ယနေ့ နိုင်ငံတော်အတွက် မဖြစ်မနေလိုအပ်သောကိစ္စများဖြစ်ပါသဖြင့် လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစီစဉ်ကို ကြည့်ပြီးတော့ပစ္စည်းတွေသိမ်းကြပြီ။ ဒါပေမယ့်လို့ ဒီအစီအစဉ်ကိုလည်း အပြင်မှာ ညှိတဲ့အခါကြတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက အဆိုကိုသဘောတူတယ်လို့ သိထားတဲ့အတွက် ဒီအစီအစဉ်ကိုပြီးအောင် အချိန်တိုအတွင်းမှာပဲ ဆက်လက်ပြီးတော့ ဆောင်ရွက်ပါမယ်။ ဒါကြောင့်မို့လို့ အဆိုကို ထောက်ခံဆွေးနွေးမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တို့ ထောက်ခံမယ့်အဆိုအား အစိုးရကလည်း သဘောတူပြီးဖြစ်တဲ့အတွက်ကြောင့်သိပ်ပြီးတော့ ကျွန်တော်တို့ အမွန်းတင်ပြီးတော့ ပြောဖို့သိပ်မရှိတော့ပါဘူး။ သို့သော်လည်းပဲ

တင်သွင်းတဲ့အဆို လေးနက်မှုရှိစေရေးအတွက် ကျွန်တော်အနေနဲ့အနည်းငယ်ဖြည့်စွက်ပြီးတော့ တင်သွင်းခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာကြီးမှာ နည်းပညာတွေဟာ အံ့မခန်း တိုးတက်နေတာဖြစ်ပါတယ်။ အဲဒီနည်းပညာတွေထဲမှာ IT နည်းပညာဟာ အတိုးတက်ဆုံးဖြစ်ပါတယ်။ နည်းပညာတွေဖွံ့ဖြိုးတိုးတက်ပြီး ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးချနိုင်တဲ့ တိုင်းပြည်ဟာ ကမ္ဘာမှာရှေ့တန်း ကနေရပ်တည်ပြီး ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နည်းပညာ တွေကို အသုံးမချနိုင်၊ အသုံးမချနိုင်တတ်တဲ့ တိုင်းပြည်တွေဟာ နောက်ကျကျန်ရစ်နေတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့ဟာ သယံဇာတတွေကြွယ်ဝနေရုံနဲ့မလုံ လောက်ပါဘူး။ နည်းပညာတွေနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပြည့်စုံမှသာလျှင် ယနေ့ကမ္ဘာနဲ့ ရင်ဘောင်တန်းပြီးရပ်တည် နိုင်မှာဖြစ်ပါတယ်။ IT နည်းပညာဟာ တစ်နေ့တစ်ခြား လျှင်မြန်စွာ တိုးတက်ဖြစ်ထွန်းနေတာဖြစ်ပါတယ်။ ဒီတိုးတက်နေတဲ့ နည်းပညာကို ခေတ်နှင့်အမီလေ့လာအသုံး ချနိုင်ပါမှ ဒီနေ့ Knowledge Age လို့ခေါ်နေတဲ့ ပညာခေတ်ကြီးမှာ တွေ့ကြုံနေတဲ့စိန်ခေါ်မှု challenge တွေကိုရင်ဆိုင်ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ Globalization လို့ခေါ်တဲ့ ဖြစ်စဥ်နှင့် အတူ ယှဥ်တွဲလိုက်လာမှာဖြစ်ပါတယ်။ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်တော်ကြီး ဦးမောင်မောင်ဆွေဟာ ဒီအချက်တွေကို မျှော်တွေးဆင်ခြင်ပြီးတော့ တင်သွင်းလိုက်ခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့သဘော ပေါက်မိပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ IT နည်းပညာကို ကျယ်ပြန့်စွာအသုံးပြုနိုင်မှသာ ကျွန်တော်တို့မျှော်မှန်းထားတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို အောင်မြင်စွာ တည်ထောင်နိုင်မှာဖြစ်ပါတယ်။ အချုပ်အားဖြင့် ဦးမောင်မောင်ဆွေ ပထမတင်သွင်းတဲ့ အခြေခံပညာ အလယ်တန်းတွေကစပြီးတော့ သင်ရိုးညွှန်းတမ်းတွေမှာကွန်ပျူတာဘာသာရပ်ကိုထည့်သွင်း သင်ကြား နိုင်ရေးဟာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုတည်ထောင်ပေးဖို့ဖြစ်ပါတယ်။ နည်းပညာတွေရှိပြီး တော့ ဒီနည်းပညာတွေကိုအသုံးပြုနိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်မရှိရင် တိုးတက်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ပထမအဆိုဟာ ကျောင်းတွေမှာ သင်ရိုးညွှန်း တမ်းထဲမှာ ကွန်ပျူတာကိုထည့်ပြီးတော့ သင်ပေးဖို့ထည့်သွင်းခြင်းဖြစ်ပါတယ်။ ဘာ့ကြောင့် သင်ရိုးညွှန်းတမ်း အနေနဲ့ထည့်ပြီးတော့သင်ခိုင်းရတယ်။ အရင်ကလည်း ကျွန်တော်တို့ကျောင်းတွေမှာ ကွန်ပျူတာ ဘာသာတွေကို ကျောင်းသားတွေကိုသင်ခိုင်းပါတယ်။ သင်ခိုင်းပေမယ့်လို့သူက Conpulsary မဟုတ်ဘဲနဲ့ အချိန်ပိုင်းနဲ့ သင်ခိုင်းတဲ့အတွက်ကြောင့် ကျောင်းသားတွေကဂရုတစိုက် လေ့လာမှုမရှိပါဘူး။ နောက်စာမေးပွဲစနစ်နဲ့ကျူရှင်စနစ်တွေရဲ့ဖိစီးမှုကြောင့် သူတို့ကကွန်ပျူတာကို လည်းမလုပ်နိုင်တော့ တဲ့အတွက်ကြောင့် ဒီကွန်ပျူတာတတ်ကျွမ်းမှုအပိုင်းမှာ အားနည်းလာပါတယ်။ ဒါကြောင့်မို့လို့

ကွန်ပျူတာတတ်ကျွမ်းမှုကို ပီပီပြင်ပြင်ပေးချင်ရင် ကျွန်တော်တို့ တကယ်မသင်မနေရ၊ သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းပေးလိုက်ခြင်းဟာ ကျောင်းသားတွေကလည်း တကယ်လေ့လာမယ်။ ခုနကစာမေးပွဲစနစ်၊ ကျူရှင်စနစ်တွေရဲ့ ခြိမ်းခြောက်မှုကိုလည်း ခံရတော့မှာမဟုတ်တော့တဲ့အတွက်ကြောင့် ဦးမောင်မောင်ဆွေ တင်သွင်းတဲ့အဆိုဟာ အလွန်ပဲသင့်လျော်တဲ့အဆိုလို့ ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ နောက် ကျွန်တော်တို့ Government အစိုးရအဖွဲ့အနေနဲ့လည်းပဲ နိုင်ငံတော်ကို အုပ်ချုပ်တဲ့နေရာမှာ အခု ကျွန်တော်တို့ နိုင်ငံတကာသွားနေတဲ့ E- Government စနစ်ကို သွားနေတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရအဖွဲ့အစည်း၊ ရုံးတွေမှာလည်း IT နည်းစနစ်တွေ သုံးဖို့ ဒီနေ့အခြေအနေအရလိုအပ် နေတာဖြစ်ပါတယ်။ အဓိကကတော့ Data Base တွေတည်ထောင်ဖို့၊ Data Bank တွေတည်ထောင် ဖို့ကျွမ်းကျင်ပညာရှင်တွေနဲ့ Software တွေ တပ်ဆင်ပေးဖို့ဟာ ဒီနေ့နိုင်ငံတော်ရဲ့ အလေးထားဆောင်ရွက်ရမယ့်လုပ်ငန်းတွေ ဖြစ်တယ်လို့ ယူဆပါတယ်။ နောက်ရုံးလုပ်ငန်းတွေအသီးသီး လုပ်ဆောင်နေတဲ့နေရာမှာလည်းပဲ Net Working တွေတည်ဆောက်ထားပြီးသော On Line စနစ်နဲ့ဝင်လိုက်လို့ရှိရင် ခဏခဏ ကျွန်တော်တို့ ဆွေးနွေးနေတဲ့ရုံးလုပ်ငန်း Management အခက်အခဲတွေဟာလည်း ပြေလည်သွားမှာဖြစ်တယ်လို့ ကျွန်တော်တို့ အနေနဲ့မြင်ပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ ဦးမောင်မောင်ဆွေရဲ့အဆိုဟာ အလွန်သင့်မြတ်တယ်လို့ ကျွန်တော်တို့အနေနဲ့ ထောက်ခံနိုင်ပါတယ်။ ဒီနေရာမှာ အခွင့်သင့်တုန်း ကျွန်တော်တို့ ရုံးလုပ်ငန်းတွေတင်မကပါဘူး။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီး မကြာခဏလမ်းညွှန်တဲ့ ကျွန်တော်တို့ လွှတ်တော်ကြီးမှာလည်း IT နည်းပညာတွေသုံးပြီးတော့ ဆောင်ရွက်ဖို့လိုတယ်ဆိုတာလည်းပဲ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ဥက္ကဋ္ဌကြီးလည်း အမြဲတမ်းလမ်းညွှန်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနေ့အခါမှာ ကော်မတီတွေလည်းပဲ အမျိုးမျိုးဖွဲ့ထားတဲ့အတွက်ကြောင့် ဒီကော်မတီတွေဟာ လုပ်ငန်းတွေလုပ်တဲ့နေရာမှာ IT နည်း ပညာတွေကိုသုံးတာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့တွေ ဟာနိုင်ငံတကာနဲ့ ဆက်သွယ်ပြီးတော့ Information တွေ ဖလှယ်မယ်။ ကျွန်တော်တို့လိုချင်တဲ့ Information တွေလည်းပေးမယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ကြီးကိုယ်တိုင်က Website တွေနိုင်ငံတကာထောင်ပြီးတော့ Internet မှာ ထည့်ပေးဖို့လိုသလို ကျွန်တော်တို့ ကော်မတီအသီးသီးကလည်း ကိုယ်တိုင် Website တွေထောင်ပြီးတော့ ကိုယ့်ရဲ့မဲဆန္ဒနယ်တွေမှာဖြစ်တဲ့ကိစ္စ၊နောက်ပြီးတော့ မီဒီယာကိုအသိပေးချင်တဲ့ကိစ္စတွေကိုလည်းပဲဒီ Website တွေထောင်ဖို့နဲ့ ကျွန်တော်တို့ လွှတ်တော်ကြီးဟာ နိုင်ငံတကာအဆင့်အတန်းနဲ့ညီအောင် ဆောင်ရွက်ဖို့လည်းဒီမှာလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးလမ်းညွှန်တဲ့အတိုင်းလည်း ကျွန်တော်တို့ လွှတ်တော်ကြီးမှာ

လည်း မကြာမီ IT Facilities စနစ်နဲ့ပြည့်စုံတယ် ဖြစ်တော့မှာလည်းပဲ ကျွန်တော်တို့ မျှော်လင့်လျက် ရှိပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ဦးမောင်မောင်ဆွေရဲ့ ဒီနေ့ ကျွန်တော်တို့ တကယ်လိုအပ်တဲ့ IT နည်းပညာကို အသုံးပြုဖို့အဆိုကို ကျွန်တော်အနေနဲ့ လှိုက်လှိုက်လှဲလှဲထောက်ခံကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ထပ်မံထောက်ခံဆွေးနွေးရန် ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆရာမကြီးဒေါ်အေးမြင့်၊

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမအေးမြင့်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ နမ့်ဆန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၏ မြန်မာနိုင်ငံ၏ IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရနယ်ပယ်တွင် IT ကိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအဆိုကို ကျွန်မထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ၏ထောက်ခံ ဆွေးနွေးချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါ။ လာမယ့်ဆယ်စုနှစ်တစ်ခုအကျော်မှာတွေ့ရမယ့် အနာဂတ် ကို Extreme Future လွန်ကဲသာအနာဂတ်လို့ ဖွင့်ဆိုသုံးနှုန်းလာတဲ့ ယခုအချိန်မှာ သတင်းအချက် အလက်နည်းပညာဆိုတဲ့ Information Technology ခေါ် IT သည် အရေးကြီးသော အခန်းကဏ္ဍ တစ်ခုဖြစ်ပါတယ်။ သဘာဝအရင်းအမြစ် Natural Resources နှင့်လူသားအရင်းအမြစ် Human Resources တစ်နည်းအားဖြင့် သယံဇာတအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုတဲ့ အရင်း အမြစ်မှာနှစ်မျိုးမှာ သဘာဝအရင်းအမြစ်သည် သက်မဲ့ဖြစ်ပြီး အကန့်အသတ်နှင့်သာရှိပါတယ်။ လူသား အရင်းအမြစ်ကတော့သက်ရှိဖြစ်၍ တွေးခေါ်နိုင်စွမ်းရှိသလောက် ခရီးရောက်ပါတယ်။ ဒါကြောင့် လူသားအရင်းအမြစ်သည် သဘာဝအရင်းအမြစ်ထက် ပိုအကျိုးပြုနိုင်စွမ်းရှိပါတယ်။ ဒီလိုပိုမိုအကျိုးပြု နိုင်တဲ့ လူသားအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍဟာ အဓိကဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အခြေခံလူ့အခွင့်အရေးများကိုအားပေးသော ဒီမိုကရေစီကျင့်သုံးနိုင်တဲ့နိုင်ငံ များမှာ လူ့စွမ်းအားအရင်းအမြစ်မြင့်မားကြပါတယ်။ အသိပညာ၊ အတတ်ပညာများ မြင့်မားလာသဖြင့် သိမှုမြင့်စွမ်းရည်အပေါ် အခြေပြုလာကြတဲ့အတွက် ပညာရေးမှာသင်ကြားမှု၊ နည်းနာနိဿယ သင်ရိုး များပါ အစားထိုးခံရပါလိမ့်မယ်လို့ ကြိုတင်တွက်ဆထင်ကြေးပေးနေကြပါပြီ။ တစ်ကမ္ဘာလုံးက ပညာ

အခြေခံလူ့အဖွဲ့အစည်း တည်ဆောက်ရေးကို ယဉ်ကျေးမှုတစ်ရပ်သဖွယ် လက်ခံကျင့်သုံးနေကြတဲ့ လက်ရှိအချိန်မှာ ပညာသည်သာ ပစ္စုပ္ပန်ကိုကျော်ဖြတ်နိုင်သည့်၊ ပညာသည်သာအနာဂတ်ကို ရင်ဆိုင်နိုင်သည့် တစ်ခုတည်းသောအရာလို့ ယုံကြည်ပြီး ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းဆောင်ရွက်ကြမှာဖြစ်ပါတယ်။ ကြိုးပမ်းဆောင်ရွက်လျက်လည်း ရှိကြပါတယ်။ လွန်ကဲသာ အနာဂတ်နဲ့အတူ ရှင်သန်နိုင်ဖို့အတွက် မျိုးဆက်သစ်တို့ရဲ့ပညာ၊ ကျွမ်းကျင်မှု၊ ကိုယ်ရည်ကိုယ်သွေးများ တိုးတက်ဖွံ့ဖြိုးအောင်ထိရောက်တဲ့နည်းလမ်းကို ကြံဆသုံးစွဲပြီး အားထုတ်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ တစ်ကမ္ဘာလုံးရဲ့ ၉၅ ရာခိုင်နှုန်းဟာ ကမ္ဘာပြုမှုကို လက်ခံကျင့်သုံးလာကြမှာဖြစ်ပြီး အသိအင်မတန်နိမ့်တဲ့ နိုင်ငံတချို့နဲ့ အာဏာရှင်နိုင်ငံတချို့ပဲ၊ ကမ္ဘာပြုမှုနဲ့မလိုက်ပါနိုင်ဘဲ ကျန်ရစ်မှာဖြစ်ပါတယ်။ အဲဒီကျန်ရစ်တဲ့ နိုင်ငံတွေဟာ လိုက်ပါနိုင်တဲ့ နိုင်ငံတွေနဲ့ များစွာကွာခြားနိမ့်ကျသွားမှာဖြစ်တဲ့အတွက် အထူးသဖြင့် ကျွန်မတို့ရဲ့ မျိုးဆက်သစ်များ ကမ္ဘာပြုမှုထဲမှာပါနိုင်အောင် မြန်မာနိုင်ငံ၏ IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရန် အခြေခံပညာအလယ်တန်းအဆင့်မှစ၍ သင်ရိုးညွှန်းတမ်းများတွင် ကွန်ပျူတာဆိုင်ရာဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် အစိုးရအဖွဲ့အစည်း၊ ရုံးနယ်ပယ်တွင် IT ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိုက်သင့်သည့် အဖွဲ့အစည်းများဖွဲ့စည်းပြီး ငွေကြေးရန်ပုံငွေခွဲဝေသတ်မှတ်သုံးစွဲ နိုင်ရေးအဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားကိုသိလိုပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ အတိုင်းထက်အလွန်ထောက်ခံပါတယ်ခင်ဗျား။ ကျွန်တော်နဲ့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးတို့ အကြေအလည် ညှိနှိုင်းပြီးတော့ ဥက္ကဋ္ဌကြီးထံ ပြန်လည်ထပ်မံတင်ပြပါမယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးမောင်မောင်ဆွေ၊ နမ့်ဆန်မဲဆန္ဒနယ်ရဲ့ မြန်မာနိုင်ငံရဲ့ IT ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရနယ်ပယ်တွင် IT ကိုကျယ်ပြန့်စွာ အသုံးပြုရေးအဆိုနဲ့ပတ်သက်ပြီးတော့ အဆိုတင်သွင်းသူ၊ ထောက်ခံသူများဆွေးနွေးတဲ့နေရာမှာ သက်ဆိုင်ရာပညာရေး ဝန်ကြီးဌာနက သဘောတူကြောင်းတင်ပြလာတာ တွေ့ရှိရမှာဖြစ်ပါတယ်။ အဲလိုတင်ပြတဲ့နေရာမှာလည်း အဆိုရှင်တင်ပြသွားတဲ့နေရာမှာ အခြေအနေပေးတဲ့နေရာများမှာ တစ်ဆင့်ပြီးတစ်ဆင့် ပညာရေးနယ်ပယ်မှာ ဆောင်ရွက်သွားဖို့ဆိုတာလည်း ပါပါတယ်။ ထို့နည်းတူ စွာပဲ အစိုးရနယ်ပယ်မှာလည်း ဆောင်ရွက်သွားဖို့ဆိုတဲ့အဆိုလည်းပါပါတယ်။ ဒါကြောင့်မို့လို့ အဆိုနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးကလည်း သက်ဆိုင်ရာဝန်ကြီးနဲ့ညှိနှိုင်းပြီးတော့ ထားပြီးဖြစ်တဲ့ကိစ္စဖြစ်တဲ့

အတွက် ဒီအဆိုဟာ အတည်ပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဦးမောင်မောင်ဆွေ တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်လို့ လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် ဦးမောင်မောင်ဆွေ၊ နမ့်ဆန်မဲဆန္ဒနယ်ရဲ့ မြန်မာနိုင်ငံ၏ ITကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရနယ်ပယ်တွင် IT ကိုကျယ်ပြန့်စွာအသုံးပြုနိုင်ရေးအဆိုကို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၀ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီ။

[အစည်းအဝေးကို နာရီတွင်ရပ်နားပါသည်။]